**မြဝတီ နေ့စဉ်**

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၈၇)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ ကြာသပတေးနေ့

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဥ့်ပါ အခါခပ်သိမ်း မေတ္တာတရားပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ရောဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ကျုံမငဲ့ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၉

ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ကျိုက်လတ်မြို့နယ်၊ ကျုံမငဲ့ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ **စာမျက်နှာ ၁၅ ကော်လံ ၁** ❑



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ်၊ ကျုံမငဲ့ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



# မအူပင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီး

မအူပင် ဇန်နဝါရီ ၂၉

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင်မအူပင်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မအူပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်း၏ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၁၁၅၄၂ ဧကကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ **စာမျက်နှာ ၁၃ ကော်လံ ၁** ❍

**ဆောင်းပါး**

**ငွေတောင်ပြည်သို့ သမင်လည်ပြန်**

စာ - ၁၁ သို့

**Myanmar Mobile Money(MMM)** ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်)

# ဂုဏ်ပြုပူဇော် (၁၇)ပါးမြောက် တိပိဋကဆရာတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ထိုသို့ရပ်တည်နိုင်သည့်အကြောင်းရင်းများတွင် သာသနာတော်သုံးရပ်စဉ်ဆက်မပြတ်ရှိနေခြင်းကြောင့်ဖြစ်သည်။ အထူးအားဖြင့် ပရိယတ္တိစာသင်တိုက်များစွာရှိနေပြီး စာပေတတ်မြောက်သည့်သံဃာတော်များရှိနေခြင်းလည်းပါဝင်သည်။ မြန်မာနိုင်ငံတွင် ပိဋကတ်သုံးပုံကိုအာဂုံဆောင်နိုင်သောဆရာတော်များပေါ်ထွန်းနေသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် အထူးဂုဏ်ယူဖွယ်ကောင်းလှသည့် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားခြင်းဖြစ်သည်။

တိပိဋကဓရ ခေါ် ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်သောစာမေးပွဲမှာ အောင်မြင်ရန်အလွန့်အလွန်ခက်ခဲလှသည်။ တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲကြီးကို မြန်မာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ် (ခရစ်နှစ် ၁၉၄၈ ခုနှစ်)မှစတင်ကျင်းပလာခြင်းဖြစ်သည့်အတွက် ယခုအခါ(၇၇)ကြိမ်မြောက် စာမေးပွဲကြီးကိုကျင်းပခဲ့ပြီးဖြစ်သည်။ နှစ်စဉ်ကျင်းပနေသည့်စာမေးပွဲဖြစ်သော်လည်း တစ်နှစ်လျှင်တစ်ပါးပေါ်ထွန်းလာရန်ပင် မလွယ်ကူလှပေ။ အဆိုပါစာမေးပွဲကိုအောင်မြင်ရန် ဝိနည်းနှစ်ကျမ်း(စာမျက်နှာ ၈၅၁ မျက်နှာ)၊ ဝိနည်းသုံးကျမ်း (စာမျက်နှာ ၁၄၀၉ မျက်နှာ)၊ သုတ်သုံးကျမ်း(စာမျက်နှာ ၁၃၉၀ မျက်နှာ)၊ အဘိဓမ္မာနောက်ပိုင်း(စာအုပ်ရေ ရှစ်အုပ်၊ စာမျက်နှာပေါင်း ၃၅၉၇ မျက်နှာ) စုစုပေါင်း ကျမ်းစာအုပ်ပေါင်း ၂၀၊ စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာတို့ကို အပိုင်းငါးပိုင်းအနက် တစ်ပိုင်းချင်း အလွတ်နှုတ်ငုံဆောင် အာဂုံပြန်ဖြေဆိုကြရခြင်းဖြစ်သည်။ အာဂုံပြန်ဆိုရာတွင် အထစ်အငေါ့မရှိဖြေဆိုကြရပြီး စာထောက်စာမငါးကြိမ်ထက်ပိုပါက ကျရှုံးအဖြစ်သတ်မှတ်ခံရသည်။

ထို့ပြင် သဘောရေးဖြေ ဖြေဆိုရာတွင်လည်း မူရင်းပါဠိတော်၊ မူရင်းပါဠိတော်၏အဖွင့်အဋ္ဌကထာ၊ အဋ္ဌကထာ၏အဖွင့်မူလဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိကျမ်းများ၊ မြန်မာဘာသာဖြင့် ဖွင့်ဆိုရေးသားထားသည့်ဒီပနီကျမ်းများ၊ ဆိုရိုးကျမ်းများအရကောက်ကျမ်းများစသည်ဖြင့် ပိဋကတ်တော်နှင့်ဆက်စပ်သမျှအနက်အဓိပ္ပာယ်အားလုံးမေးသမျှဖြေဆိုရသည့်အတွက် အောင်မြင်ရန်ခက်ခဲလှသောမဟာစာမေးပွဲကြီးဖြစ်သည်။ ဤသည်ကိုအောင်မြင်စွာဖြေဆိုနိုင်ခဲ့သည့်ဆရာတော်များကား ဓမ္မစေတီထိုက်သည့်သာသနာ့အာဇာနည်များဖြစ်ကြသည်။ ထိုစာမေးပွဲကြီးမှ ပထမဆုံးပေါ်ထွန်းလာသော တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်မှာ မင်းကွန်းဆရာတော်ဘုရားကြီးဖြစ်သည့် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဖြစ်သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်အထိ ၃၃ ရက်တိုင်တိုင်ကျင်းပခဲ့သော (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးမှ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်ဆရာတော်တစ်ပါးပေါ်ထွန်းလာခဲ့သည်။ ပြီးခဲ့သည့်နှစ် (၇၆)ကြိမ်မြောက် စာမေးပွဲကြီးတွင်လည်း တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်ဆရာတော်တစ်ပါးပေါ်ထွန်းခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဓမ္မစေတီထိုက်သည့် သာသနာ့အာဇာနည်နှစ်ပါး နှစ်နှစ်ဆက်တိုက်ပေါ်ထွက်လာခဲ့ခြင်းဖြစ်ရာ ယခုအခါ သာသနာ့အာဇာနည် (၁၇)ပါးရှိလာပြီဖြစ်သည်။

(၁၇)ပါးမြောက်ပေါ်ထွန်းလာသော တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်မှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌညာဏာလင်္ကာရ၊ သက်တော် ၄၅ နှစ်၊ သိက္ခာ ၂၃ ဝါဖြစ်သည်။ ယမန်နှစ်ကပေါ်ထွန်းခဲ့သည့် (၁၆)ပါးမြောက် သာသနာ့အာဇာနည်ဆရာတော်မှာ ဒဂုံမြို့နယ် တိပိဋကမိကာယကျောင်းတိုက်မှ အရှင်ပညာသိရီလင်္ကာရဖြစ်သည်။

(၇၇)ကြိမ်မြောက် စာမေးပွဲကြီးမှ ပေါ်ထွန်းလာသည့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်မြတ်အလှူခံရရှိတော်မူသော ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရဆရာတော်ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာတွင် "တပည့်တော်အနေဖြင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ရက်အရှည်ဆုံးကျင်းပသည့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရဘွဲ့တံဆိပ်တော်၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဆရာတော်များပေါ်ထွန်းစေချင်သည့်ဆန္ဒရှိပါသည်ဘုရား။ ထို့ကြောင့်ပင် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ဆရာတော်ကြီးများ အပြီးသတ်ဆုံးဖြတ်၍ ထုတ်ပြန်လာမည့်အောင်စာရင်းစောင့်မျှော်နေခဲ့ရာ ဆရာတော်သည်ယခုနှစ် (၇၇)ကြိမ်မြောက်ကျင်းပသောစာမေးပွဲကြီးတွင်အဘိဓမ္မာ(နောက်ပိုင်း)ဖြစ်သော ယမကနှင့် ပဋ္ဌာနဟူသော ခက်ခဲနက်နဲလှသောကျမ်းနှစ်ဆူ၏ခဲရာခဲဆစ်သဘောအဓိပ္ပာယ်များကို အောင်မြင်စွာဖြေဆိုနိုင်ခဲ့သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ်ထီးဖြူတော်(၃)လက်အမှတ်တံဆိပ်ပါ သာသနာ့အောင်လံတော်ကို ခံယူရရှိမည်ဖြစ်သောကြောင့် အတိုင်းမသိဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ ခံစားရပါသည်ဘုရား" ဟု ထည့်သွင်းလျှောက်ထားခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးသည် အလွန်ခက်ခဲနက်နဲလှသည်မှာ ပြောဖွယ်ရာမရှိတော့ပေ။ နှစ်ပေါင်း(၇၇)နှစ်အတွင်း သာသာသနာ့အာဇာနည် (၁၇)ပါးမျှသာပေါ်ထွန်းနိုင်ခဲ့မှုက သက်သေပြနေသည်။ ယခုကဲ့သို့ သာသနာ့အာဇာနည်ဆရာတော်များပေါ်ထွန်းလာခြင်းမှာ လောကလူသားတို့အတွက်ကောင်းကျိုးစီးပွားချမ်းသာများစေပြီး သာသနာတော်သုံးရပ် အရှည်တည်တံ့ခိုင်မြဲစေမည်ဖြစ်ပါကြောင်းနှင့် (၁၇)ပါးမြောက် တိပိဋကဆရာတော်အား ဂုဏ်ပြုပူဇော်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**စစ်ကိုင်း ဇန်နဝါရီ ၂၉**

စစ်ကိုင်းခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၉ ရက် နံနက်ပိုင်းတွင် ပညာရေးဒီဂရီကောလိပ်(စစ်ကိုင်း) မြရောခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင်ပညာရေးဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီး ဒေါ်မေမြတ်ခိုင်က အမှာစကားပြောကြားပြီး ခရိုင်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်းရွှေက ဌာနဖြစ်ပေါ်လာပုံနှင့် အဓိကလုပ်ငန်းကြီးလေးရပ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိမိကျော်က လူငယ်နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းဇော်က ထင်းအစား အခြားလောင်စာသုံးစွဲရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးရဲထက်အောင်က သစ်တောထိန်းသိမ်းရေးနှင့် ရေသယံဇာတထိန်းသိမ်းရေးခေါင်းစဉ်တို့ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးသည်။

ဆက်လက်၍တက်ရောက်လာကြသည့်ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား အဆိုပါဌာနများက မိမိတို့ဌာနနှင့် သက်ဆိုင်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# ပန်မှုံ့-ဝမ်ဟိုင်းလမ်းကို ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ကွန်ဟိန်း ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးရွာခြောက်ရွာကိုအကျိုးပြုသည့် ပန်မှုံ့-ဝမ်ဟိုင်းလမ်းကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၂၉ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၁(မြို့ပြ) ဦးကျော်မိုးဦးနှင့် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေးရာ ထိန်အောင်လင်းကုမ္ပဏီမှ တာဝန်ရှိသူများက လမ်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အရှည် ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ အဆိုပါ ပန်မှုံ့-ဝမ်ဟိုင်းလမ်းကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၃၀ ဒသမ ၀၄ သန်းဖြင့် ထိန်အောင်လင်းကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၀-၁-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တညင်းကုန်းလက်ကားဈေးကြီး၌ နယ်စုံမှထွက်ရှိသောရာသီပေါ်သစ်သီးဝလံများ လှိုင်လှိုင်ဝင်ရောက်ကာ လာရောက်ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိ




ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးကြီး၏ ဈေးရုံအမှတ်(၁)တွင် နယ်စုံမှထွက်ရှိသော သစ်သီးဝလံများကို အဓိကရောင်းချပြီး ယခုအခါ အဆိုပါဈေးကြီး၌ ရာသီပေါ် သစ်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိရာ လာရောက်ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

တညင်းကုန်းလက်ကားဈေးကြီးတွင် ဒေသအသီးသီးမှထွက်ရှိသော ကုန်မျိုးစုံ၊ ကုန်ခြောက်မျိုးစုံ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များနှင့် ရာသီပေါ်သီးနှံများကို လက်လီလက်ကားရောင်းချပေးလျက်ရှိပြီး လက်ရှိတညင်းကုန်းလက်ကားဈေးကြီးရှိ ဈေးရုံငါးရုံတွင် ဆိုင်ခန်းပေါင်း ၇၆၀၀ ကျော် ဖွင့်လှစ်ထားကြောင်း သိရသည်။

"ဈေးရုံအမှတ်(၁)မှာ ဆိုင်ခန်းပေါင်း ၁၀၀၀ လောက်ရှိပြီးတော့ အဲဒီဈေးရုံမှာ သစ်သီးဝလံတွေကို အဓိကရောင်းချတာပါ။ လက်ရှိမှာ ရာသီပေါ်သီးနှံတွေဖြစ်တဲ့ စတော်ဘယ်ရီသီး၊ ထောပတ်သီး၊ လိမ္မော်သီး၊ စပျစ်သီး၊ ပျားလိမ္မော်၊ ဆီးသီး စတဲ့ သစ်သီးဝလံတွေ အများအပြားဝင်ရောက်လျက်ရှိပါတယ်။ အဓိကက ရှမ်းပြည်နယ်ဘက်က ဝင်ရောက်တာများပါတယ်" ဟု တညင်းကုန်းလက်ကားဈေးကြီးမှ အထွေထွေမန်နေဂျာ ဦးရဲထွန်းကပြောသည်။

တညင်းကုန်းလက်ကားဈေးကြီး၏ ဈေးရုံအမှတ်(၁)တွင် သစ်သီးဝလံများ၊ ဈေးရုံအမှတ်(၂)တွင် ဟင်းသီးဟင်းရွက်များ၊ ဈေးရုံအမှတ် (၃)တွင် မီးဖိုချောင်သုံးကုန်မျိုးစုံနှင့် ကုန်ခြောက်ပစ္စည်းများ၊ ဈေးရုံအမှတ်(၄)တွင် ရာသီပေါ်သစ်သီးဝလံများနှင့် သားငါးများ၊ ဈေးရုံအမှတ်(၅)တွင် ဆန်၊ ဆီ၊ ကြက်သွန်နီ စသည့်အခြေခံစားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

တညင်းကုန်းလက်ကားဈေးကြီးတွင် ဝန်ဆောင်မှုများအနေဖြင့် လုံခြုံရေးအတွက် ဈေးအတွင်းနေရာအနှံ့အပြားတွင် CCTV ကင်မရာများ တပ်ဆင်ထားခြင်း၊ လုံခြုံရေးဝန်ထမ်းများဖြင့် နေ့ညမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း၊ ၂၄ နာရီ လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်ပေးထားခြင်း၊ စားသောက်ဆိုင်များနှင့် အများသုံးသန့်စင်ခန်းများ ဖွင့်လှစ်ပေးထားခြင်းများ ဆောင်ရွက်ထားရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနှံ့မှ ရန်ကုန်မြို့သို့လာရောက်၍ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ကြသော ကုန်တင်ယာဉ်အမျိုးမျိုး လုံခြုံစိတ်ချစွာ ညအိပ်ရပ်နားနိုင်စေရန် ဈေးဝင်းအတွင်း၌ ယာဉ်ရပ်နားစခန်းကိုလည်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ဆောင်းဦး

# ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(အရှေ့ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလူငယ်စကားဝိုင်းကို ဇန်နဝါရီလ ၂၈ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါလူငယ်စကားဝိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး အရှေ့ပိုင်းခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Grade –11 မှ မောင်သွင်ထူးအောင်က ရေချိုသယံဇာတ၊ Grade –9 မှ မောင်စွမ်းထက်ပိုင်က စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ကြပါစို့၊ Grade –10 မှ မောင်လွှမ်းမောင်မောင်ဘိုက သန့်ရှင်းသောလေထုမှရရှိသော အကျိုးကျေးဇူးများ၊ Grade – 10 မှ မညလေးနွယ်က စုပေါင်းကာကွယ် မီးခိုးမြူငွေ့အန္တရာယ်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများအပေါ် မေးခွန်းများမေးမြန်းခဲ့ကြရာ ပါဝင်ဆွေးနွေးပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းအုပ်ဆရာမကြီးထံ ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဆုရ စာစီစာကုံးစာအုပ်များပေးအပ်သည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဗီနိုင်းများနှင့် အသိပညာပေးစာအုပ်စာစောင်များအား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(၂၈၅)

# ပွင့်ဖြူမြို့နယ်၌ ပဲစင်းငုံများစတင်ရိတ်သိမ်းနေပြီး ယခင်နှစ်ကထက် အထွက်နှုန်းကောင်းမွန်

ပွင့်ဖြူ ဇန်နဝါရီ ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲစင်းငုံများ စတင်ရိတ်သိမ်းနေကြပြီဖြစ်ရာ ယခင်နှစ်ကထက် သီးနှံအထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ ပဲစင်းငုံစိုက်တောင်သူများ၏ ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက ပဲစင်းငုံစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းသော မုံရွာရွှေဒင်္ဂါး ပဲစင်းငုံမျိုးကို အားထားစိုက်ပျိုးခဲ့ကြကြောင်း၊ သီးနှံအပိုဝင်ငွေရရှိစေရန် သုံးလ ပင်ထောင်မြေပဲ၊ နှမ်း၊ ပဲတီစိမ်း စသည့်သီးနှံများဖြင့်တွဲဖက်ကာ သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးကြကြောင်း၊ မိုးရွာသွန်းမှုလည်း ကောင်းမွန်ခဲ့သဖြင့် ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့မိုးရာသီက စိုက်ပျိုးခဲ့တဲ့ ပဲစင်းငုံတွေက ရင့်မှည့်လာပြီဖြစ်လို့ အခုလဆန်းပိုင်းကစပြီး ရိတ်သိမ်းနေကြပါပြီ။ မိုးရွာသွန်းမှုကလည်း ကောင်းခဲ့တော့ ပဲစင်းငုံစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး တစ်ဧကကို ၁၃ တင်းလောက်ထွက်ရှိပါတယ်။ ပဲစင်းငုံအထွက်နှုန်းကောင်းတဲ့အတွက်တောင်သူတွေ လုပ်ငန်းအဆင်ပြေပါတယ်" ဟု ရေပုတ်ကြီးကျေးရွာမှ ဒေသခံတောင်သူဦးစိန်ဌေးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံ ၈၃၅ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၅၉၁၄ ဧက စိုက်ပျိုးနိုင်ခဲ့၍ သတ်မှတ်လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ပဲစင်းငုံစိုက်ပျိုးရေးလုပ်ငန်းကို ရေပုတ်ကြီးကျေးရွာ၊ ကျောင်းကုန်းကြီးကျေးရွာ၊ ရေပုတ်ကလေးကျေးရွာ၊ မဲဇလီကျေးရွာ၊ ကျွဲတံခါးကျေးရွာ၊ ရေယာဉ်ကျေးရွာ၊ ချောင်းဆုံကျေးရွာနှင့် ကန်ရွာကျေးရွာတို့တွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရေး နှစ်စဉ်အားထားစိုက်ပျိုးလုပ်ကိုင်ကြသည်။

နိုင်ငံတော်က ပြည်ပဈေးကွက်ရှိပြီး ပြည်ပဝင်ငွေရရှိသည့် ပဲမျိုးစုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသံတောင်သူများကလည်း ဈေးကောင်းရရှိပြီး အထွက်နှုန်းကောင်းသည့် သီးနှံများကို ရွေးချယ်စိုက်ပျိုးကြကာ သီးနှံများထွက်ရှိချိန်တွင် ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ လုပ်သားများနှင့် တောင်သူများ အဆင်ပြေလာစေမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကြီးပြင်းလာသောအခါ၌ ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စများ၌ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် တခြားပုဂ္ဂိုလ်များ၏တိုက်တွန်းမှုကြောင့် ရုံဖန်ရုံခါ ပရိသတ်ရှေ့တွင် စကားပြောဖူး၏။ ကျွန်ုပ်၏အခက်အခဲတစ်ခုမှာ စကားမထစ်အောင် သတိထား၍ပြောနိုင်သော်လည်း ထိုကဲ့သို့ သတိထားနေရခြင်းသည်ပင် အလုပ်ကြီးတစ်ခုဖြစ်နေသဖြင့် စကားလုံးပြောင်မြောက်အောင်ဖြစ်စေ၊ အဓိပ္ပာယ်ရှင်းလင်းအောင်ဖြစ်စေ၊ ပွဲကျလောက်အောင်ဖြစ်စေ မပြောနိုင်ဘဲရှိသည်နှင့် နောက်ဆုံးတွင် တစ်ခါတည်းလက်မြှောက်ဖို့ ဆုံးဖြတ်လိုက်ပြီးဖြစ်ပါသည်။ စကားပြောခြင်းအလုပ်တွင် တစ်စက္ကန့်၏အပိုင်းဂဏန်းကလေးလောက်မျှ နောက်ကျသည်ဖြစ်စေ၊ တစ်ဆိတ်မျှဆိုင်းငံ့ထားရမည့်နေရာတွင်မဆိုင်းငံ့ဘဲ တွန်း၍ပြောလိုက်သည်ဖြစ်စေ ပွဲကျသင့်သလောက်မကျခြင်းကို ကျွန်ုပ်နားလည်၍ စကားပြောကောင်းသူတိုင်းလည်း နားလည်ကြပါသည်။ ကျွန်ုပ်၌မတတ်နိုင်သဖြင့် အထက်ပါချွတ်ယွင်းချက်နှစ်ခုစလုံးရှိသည်ဖြစ်သောကြောင့် ဤအလုပ်ကို တစ်ခါတည်းလက်လျှော့လိုက်ပါတော့သည်။

**ဝေလမင်းသားနှင့် ပလိပ်ရောဂါ**

၁၉၀၆ ခုနှစ်ကုန်ခါနီးတွင် မြန်မာပြည်သို့ အင်္ဂလန်ပြည်မှ ဝေလမင်းသား Prince of Wales (ပဉ္စမမြောက်ဂျော့ဘုရင်လောင်း) အလည်အပတ်ရောက်လာ၍ များမကြာမီအတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများတွင် ပလိပ်ရောဂါ အကြီးအကျယ်ဖြစ်လေတော့သည်။ ထိုစဉ်က ကောလာဟလစကားတချို့ကို ကျွန်ုပ်မှတ်မိသေး၏။ တချို့က မန္တလေးမြို့သို့ ဝေလမင်းသားရောက်လာစဉ်က အလွန်စည်ကားသည်ကိုမြင်၍ မင်းသားက အရာရှိများအား 'စည်ကားလွန်းအားကြီးသည်' ဟု ပြောသောကြောင့် လူဦးရေပေါများခြင်းပြဿနာကို ဖြေရှင်းရန်အတွက် ဗြိတိသျှအစိုးရက ပလိပ်ရောဂါကို တမင်တကာဖန်တီးသည်ဟုပြောကြရာ ယုံကြည်သူအတော်များသည်ကို တွေ့ရ၏။ တချို့ကလည်း အစိုးရသည် အရပ်ထဲ၌ ပလိပ်ပိုးများကို လူငှား၍လွှတ်ကြောင်း၊ တစ်နေ့သော် ပလိပ်ပိုးလွှတ်သော လူကို (ပိုးပါသောကြွက်များနှင့်တကွ) အရပ်သားများက ဝိုင်းဖမ်းပြီး ရိုက်နှက်မေးမြန်းစစ်ဆေးကြရာတွင် ထိုလူက ငွေရ၍ လုပ်ရပါသည်ဟု ဖြောင့်ချက်ပေးကြောင်း၊ ထိုအခြင်းအရာကို ကျွန်ုပ်၏အစ်ကိုမောင်ပုက ကိုယ်တိုင်မြင်ခဲ့ရသည်ဟု ကျွန်ုပ်အားပြောပြ၍ ကျွန်ုပ်ပင် ယုံခဲ့ဖူးပါသည်။ တစ်မြို့လုံးမှုကား ဤစကားကို ယုံကြည်ခဲ့သည်မှာ အတော်ကလေးကြာခဲ့လေပြီ။ တစ်နေ့သော် ကျွန်ုပ်တို့ ကိုးတန်းတွင် ခရစ်ယာန်ကျမ်းစာသင်ပြသည့် သာသနာပြုဆရာမကြီးက ပလိပ်ရောဂါပိုးများ အစိုးရလွှတ်သည်ဆိုခြင်းကို ယုံကြည်ကြသလောဟု အတန်းသားများအားမေးပြီး ယုံကြည်သူများ ထကြရန်ပြောလေရာ အတန်းသားတစ်ယောက်၊ နှစ်ယောက်မှတစ်ပါး တစ်တန်းလုံး (ကျွန်ုပ်အပါအဝင်) ထလိုက်ကြလေသည်။ ဤတွင် သာသနာပြုဆရာမကြီး၏မျက်နှာအိုသွားခြင်းကို ကျွန်ုပ် ယနေ့တိုင် မျက်စိထဲတွင် မြင်ယောင်မိပါသေးသည်။ ဆရာမကြီးက 'ငါတို့ကျောင်းမှာ အမြင့်ဆုံးအတန်းမှ ကျောင်းသားများက ဒီစကားမျိုး ယုံကြည်ကြတယ်ဆိုတာ အားကြီးဝမ်းနည်းစရာပဲ' ဟု ပြောရှာလေသည်။ မကြာမီမှာပင် ကျွန်ုပ်၏သူငယ်ချင်း တရုတ်ကပြားကလေး စက်ခွေတို့သားအမိနှစ်ယောက် 'ပလိပ်ရောဂါထဲ ပါသွားကြသည်' ဟု သိရသဖြင့် ကျွန်ုပ်မှာ မန္တလေးတွင် မနေဝံ့အောင်ထိတ်လန့်လာသည်နှင့် တိမ်းရှောင်ဖို့ မိဘများအား ပူဆာလေတော့သည်။

**"ကျွန်ုပ်မှာ အတော်ချောက်ချားလျက်ရှိပြီဖြစ်၍ မိဘများအား တိမ်းရှောင်ဖို့ပူဆာ၏။ သို့ရာတွင် ဖခင်၏(လောကီမှုရေးရာတွင်)ဆရာတစ်ဆူ အသိအမှတ်ပြုထားသည့်ပုဂ္ဂိုလ်ကြီးက အစိုးရသည် ပလိပ်ရောဂါကို တမင်လုပ်သည်ဆိုခြင်းကို မယုံကြည်ဘဲ သူတို့လည်းမပြေး၊ ဖခင်အားလည်း 'အလကားဟာပါဗျာ'ဟုပြောကာ အားပေးလေ့ရှိလေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်၏ကြောက်တတ်ခြင်းကို သိသည်နှင့် 'ဖေသိန်းတို့များကြောက်လိုက်တာ၊ ကြောက်ချေးများပါနေပါဦးမယ်ကွယ့်'ဟု ပြက်ရယ်စကားပြောဖူးခြင်းကိုလည်း ကျွန်ုပ်မှတ်မိသေးသည်...."**

**ကြောက်မက်ဖွယ်ရောဂါဆိုး**

ထိုအချိန်၌ မန္တလေးမြို့အခြေအနေမှာ ကြောက်စရာကြီးတစ်ခုဖြစ်နေပါတော့သည်။ ထွက်ပြေးတိမ်းရှောင်နေကြသူတွေ အတော်များနေသဖြင့် မြို့မှာ ခြောက်ကပ်တိတ်ဆိတ်လျက်ရှိရာ လမ်းလျှောက်သွားသည့်အခါ လမ်းတစ်ဖက်တစ်ချက်တွင် သုံးအိမ်မှာတစ်အိမ်၊ လေးအိမ်မှာတစ်အိမ်သာ နေဝံ့သူရှိတော့သည်ကို တွေ့ရ၏။ နေသူမရှိသည့် အိမ်လွတ်များတွင်လည်း အိမ်ရှေ့၌ မြင်လောက်သောနေရာများတွင် P-1၊ P-2 စသောစာလုံးများကို ဆေးနက်ဖြင့် ထင်ရှားစွာရေးထားခြင်းကို တွေ့ရ၏။ အဓိပ္ပာယ်မှာ ပလိပ်ရောဂါဖြင့် သေသူတစ်ယောက် သို့မဟုတ် နှစ်ယောက် သို့မဟုတ် သုံးယောက်ရှိပြီဟု ဆိုလိုခြင်းဖြစ်၏။ တစ်အိမ်တလေမှာမူ P-4 လေးယောက်အထိ အမှတ်အသားမျိုးကိုပင် တွေ့ရလေသည်။ တချို့အိမ်ရှေ့များ၌မူ ပြာပုံကလေးတွင် မီးခိုးတလူလူပင် တွေ့ရတတ်သေး၏။ အဓိပ္ပာယ်မှာ ယင်းအိမ်၌ နာရီပိုင်းအတွင်းကပင် လူတစ်ယောက် ပလိပ်ရောဂါနှင့် သေဆုံး၍ အိမ်ရှိအဝတ်အစားများကို မီးပုံရှို့ထားခြင်းပင်ဖြစ်လေသည်။ တိတ်ဆိတ်လျက်ရှိသောမြို့ကြီးတွင် အထက်ပါအခြင်းအရာမျိုးတို့ကို တွေ့မြင်ရသည့်အခါ အဘယ်သူသည် မတုန်လှုပ်မချောက်ချားဘဲ ရှိနိုင်ပါမည်နည်း။

**တိမ်းရှောင်ခွင့်ရခြင်း**

ကျွန်ုပ်မှာ အတော်ချောက်ချားလျက်ရှိပြီဖြစ်၍ မိဘများအား တိမ်းရှောင်ဖို့ပူဆာ၏။ သို့ရာတွင် ဖခင်၏ (လောကီမှုရေးရာတွင်) ဆရာတစ်ဆူအသိအမှတ်ပြုထားသည့် ပုဂ္ဂိုလ်ကြီးက အစိုးရသည် ပလိပ်ရောဂါကို တမင်လုပ်သည်ဆိုခြင်းကို မယုံကြည်ဘဲ သူတို့လည်းမပြေး၊ ဖခင်အားလည်း 'အလကားဟာပါဗျာ' ဟု ပြောကာ အားပေးလေ့ရှိလေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်၏ကြောက်တတ်ခြင်းကို သိသည်နှင့် 'ဖေသိန်းတို့များ ကြောက်လိုက်တာ၊ ကြောက်ချေးများပါနေပါဦးမယ်ကွယ့်' ဟု ပြက်ရယ်စကားပြောဖူးခြင်းကိုလည်း ကျွန်ုပ် မှတ်မိသေးသည်။ နောက်ဆုံး၌ ၎င်းပုဂ္ဂိုလ်ကြီး၏အိမ်မှပင် တစ်ယောက်၊ နှစ်ယောက် သေဆုံးလေရာ ကျွန်ုပ်ကိုလည်း ဝက်လက်သို့ပို့ထားရန် စီစဉ်ကြလေတော့သည်။ မိဘများမှုကား အလုပ်ပျက်မခံနိုင်သဖြင့် မတိမ်းရှောင်ကြဘဲ ကျွန်ုပ်၏နှမတစ်ယောက်နှင့် ညီတစ်ယောက် (ပေါင်းသုံးယောက်) ကို ဖခင်၏ဒေသသို့ ပို့ထားလေသည်။


**တောအလိုက် ပျော်တတ်ခြင်း**

ကျွန်ုပ်မှာ ဖခင်၏ရွာသို့ ကောက်ကြီးတက်ချိန်များတွင် ရုံဖန်ရုံခါ ရောက်ဖူးသော်လည်း လေး၊ ငါးရက်ခန့်မျှသာနေခဲ့ဖူးရာ ဤတစ်ခေါက်ကြာရှည်စွာနေရသည်တွင်မှ ကျွန်ုပ်၏သွေးထဲ၌ ပါရှိဟန်တူသည့် တောင်သူဘဝမှာ ဦးခေါင်းပြူ၍ပြသည့်နှယ် ပေါ်ထွက်လာလေပြီ။ ကျွန်ုပ်သည်တောင်သူများလုပ်ကြသည့် (ထိုအခါ၌ ဆောင်းရာသီဖြစ်သည့်အတိုင်း) စပါးသိမ်းခြင်း၊ စပါးနယ်ခြင်း၊ စပါးလှေ့ခြင်း၊ လှည်းမောင်းခြင်း၊ မြင်းစီးခြင်း စသည့်ဓလေ့ဟူသမျှတွင် အလွန်စိတ်ဝင်စား၍ ပျော်ရွှင်စွာကူညီဆောင်ရွက်ပေးတတ်လေပြီ။ ညအချိန် လသာသာတွင် ကောက်လှိုင်းပုံကြီးပေါ်၌ နွားထီးများရော၊ နွားမများပါ ရောပြွမ်းပူးတွဲထားသည့် ကြိုးစကိုကိုင်ကာ နွားများ၏အလယ်မှ ပတ်ချာလှည့်လျက် 'ဟိုနွား ကရို၊ ဒီနွား ကရို' စသည်များဖြင့် အော်ငေါက်ကာ စပါးနယ်ရခြင်း အလုပ်သည် အလွန်ပျော်စရာလည်းကောင်းလှ၍ ချမ်းမှန်းမသိ၊ အေးမှန်းမသိ ကောက်လှိုင်းပုံမညက်မချင်း သန်းခေါင်ကျော်အောင် အလုပ်လုပ်ပေးလေသည်။ နွားလည်းမောင်းတတ်သည်။ မြင်းလည်း ကျကျနနစီးတတ်သည်။ 'နွားပြေး နွားလိုက်' လည်း မောင်းတတ်သည်။ မိုးရာသီမဟုတ်သဖြင့် ထွန်ယက်ခြင်းအလုပ်ကို မသင်ခဲ့ရသော်လည်း ကြီးပြင်းလာသောအခါ၌ တတ်အောင် သင်ခဲ့သေးသည်။ ကျွန်ုပ်သည် တောင်သူလယ်သမားများ လုပ်နေကျအလုပ်မျိုးဟူသမျှတွင် ဝါသနာပါလှ၍ ပျော်ရွှင်စွာဆောင်ရွက်နိုင်သည်ဖြစ်သောကြောင့် 'ငါသည် မြို့ပေါ်၌ လူဖြစ်ရခြင်းကား မှားလေသည်' ဟု ထင်မိလာပါတော့သည်။ ကျွန်ုပ်သည် ယင်းဒေသ၌ နှစ်လ၊ သုံးလခန့်ကြာ၍ သုံး၊ လေးရွာမျှ လှည့်လည်နေထိုင်လျက်ရှိစဉ် ဖခင်သည် တစ်ခေါက်တလေအလည်ရောက်လာရာတွင် 'မောင်ကြီးရဲ့သားက တောင်သူ့သဘာဝပျော်ပုံရတယ်၊ အစ်ကိုကြီးရဲ့သားက နွားကောင်းကောင်းမောင်းတတ်နေပြီ' စသည်ဖြင့် ဆွေမျိုးများက အားပါးတရပြောကြသည့်အခါ ဖခင်သည် သဘောကျဟန်မတူချေ။ (နွားမောင်းတတ်သည်ဆိုခြင်းမှာ 'နွားပြေး နွားလိုက်' မောင်းတတ်ခြင်းကိုဆိုလို၍ တောင်သူတိုင်းမတတ်သည့်ပညာရပ်တစ်ခုဖြစ်သည်။)

ဖခင်ကမူ မိမိကိုယ်၌က အနုပ်စုတ်ကုပ်စုတ် ဤအလုပ်မျိုးကိုမကြိုက်သောကြောင့် မြို့တက်ပြီး နေနိုင်အောင်ကြိုးစားပါလျက် သားတစ်ယောက်က ကျေးရွာဓလေ့ဖြစ်သည့် တောင်သူယာခုတ်အလုပ်ကို နှစ်သက်ရပါမည်လောဟု မကျေမနပ်ပင်ဖြစ်ရပုံရသည်။ ကျွန်ုပ်လည်း ဖခင်၏သဘောကို ရိပ်မိသည်နှင့် ကျွန်ုပ်၏ပညာများကို မပြဝံ့တော့ဘဲ ဖုံးဖိ၍ထားလိုက်ရပါတော့သည်။ နောက်နောင်တွင်လည်း ဖခင်သည် ဤအလုပ်မျိုး၌ ကျွန်ုပ်ဝါသနာပါခြင်းကို မျက်နှာသာမပေးချေ။ မန္တလေးမြို့၌ ပလိပ်ရောဂါပြီးသွား၍ ကျွန်ုပ်ပြန်ရသောအခါ မူးကြီးရွာနှင့် မန်ကျည်းတုံ့ရွာကြား၌ ရေတစပ်စပ်ရှိနေသည့် သဲချောင်းလေးအကြောင်းကို မန်ကျည်းတုံ့ရွာသား ရှေးစာဆိုတော်တစ်ယောက်က 'ရွာတန်းရယ်သွယ်၊ အလယ်မှာ ရေယဉ်နှင့်အိုမြင်သူမော' ဟု စပ်ဆိုထားခဲ့သည့် ထိုသဲချောင်းလေးကို ခဏခဏသတိရသည်နှင့် နောက်ဆံတင်းငင်ဖြစ်မိပါသေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ပန်းခင်းစီမံချက်(အဆင့်-၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်းနှင့် e-ID စနစ်အတွက် Biographic/Biometric ကောက်ယူခြင်းများကွင်းဆင်းဆောင်ရွက်



ပဲခူး ဇန်နဝါရီ ၂၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဆောင်သည့်ဝန်ထမ်းများသည် ဇန်နဝါရီလ ၂၈ ရက်က ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ပန်းခင်းစီမံချက်(အဆင့်-၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်းနှင့် e-IDစနစ်အတွက် Biographic/Biometric ကောက်ယူခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူ ၂၅၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့သည့်အပြင် e-ID စနစ်အတွက် Biographic/Biometric ကောက်ယူခြင်းများကို One Stop Service ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်းနှင့် e-ID စနစ်အတွက် Biographic/Biometric ကောက်ယူခြင်းဆောင်ရွက်မှုကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။(၄၀၁)၊ **တင်စိုး(ပဲခူး)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့်၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ပင်းတယမြို့ရှိ ရုပ်ရှင်နှင့်ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အဦများနှင့် စတူဒီယိုများ တည်ဆောက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့ ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယနေ့နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ Forever Yay Wati ကုမ္ပဏီလီမိတက်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောရုပ်ရှင်နှင့် ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အဦများနှင့်စတူဒီယိုများတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



ရှေးဦးစွာ ရှင်းလင်းဆောင်၌ Forever Yay Wati ကုမ္ပဏီမှ Project Director ဦးသိန်းထွန်းအောင်က ပင်းတယဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အခြေခံသော ရုပ်ရှင်နှင့် ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အဦများနှင့် စတူဒီယိုများ တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နှင့်အနုပညာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းပေါင်းစုံဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုစီမံကိန်းသည် ရုပ်ရှင်အဆင့်အတန်းမြင့်မားလာရေးနှင့် ရုပ်ရှင်မှတစ်ဆင့် ဒေသစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်လုပ်ဆောင်သည့် စီမံကိန်းဖြစ်သဖြင့် ကောင်းမွန်သည်ဟု ပြောကြားလိုကြောင်း၊ ရုပ်ရှင်မြို့တော်ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအား နိုင်ငံတော်အစိုးရက လိုအပ်သည့်မြေနေရာများခွင့်ပြုချထားပေးခဲ့ကြောင်း၊ ယခုအကောင်အထည်ဖော်သည့် လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံရသည့်ပမာဏများပြားလွန်းသဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ကိုက်ညီရန် လိုအပ်ကြောင်း၊ ဤစီမံကိန်းအောင်မြင်ပါက ပင်းတယဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရုံသာမက ခရီးသွားလုပ်ငန်းများကိုပါ တွဲဆက်လုပ်ကိုင်နိုင်မည်ဖြစ်သဖြင့် မိမိတို့အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများအောင်မြင်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်အစိုးရတို့နှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွင်းရှိ မြေနေရာများတွင် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ဆောင်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်တွင် ယခုကဲ့သို့ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေသည်ကိုတွေ့မြင်ရ၍ ဝမ်းမြောက်မိကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး ပြည်နယ်အစိုးရအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ တတ်နိုင်သမျှကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် Forever Yay Wati ကုမ္ပဏီက ရုပ်ရှင်နှင့်ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြေဆီလွှာ ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စတူဒီယိုများ၊ နားနေဆောင်များ၊ ရိုက်ကူးရေးသုံးအဆောက်အအုံများအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် MRTV DTH စလောင်း အစုံ ၂၀ နှင့် DVB T2 Set top box အလုံး ၅၀ အား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းသို့ပေးအပ်သည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်ကြီးလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းလုပ်ငန်းများကို ကြည့်ရှုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၈-၅-၂၀၂၃ ရက်နေ့က ရောက်ရှိဖူးမြော်စဉ် လမ်းညွှန်မှာကြားချက်အရ စေတီတော်မြတ်ကြီး မိုးရေယိုစိမ့်မှုပြင်ဆင်ခြင်းလုပ်ငန်းကို ၂၅-၃-၂၀၂၄ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၃၀-၁၁-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ၂၄-၁၂-၂၀၂၃ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၅-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ စေတီတော်မြတ်ကြီး အတွင်း/အပြင် ဆေးသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ၁၂-၄-၂၀၂၄ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၃၀-၁၁-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်းသိရသည်။ (၅၀၀)

# မင်းလှမြို့နယ် စီးကျေးရွာ၌ နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေး

မင်းလှ ဇန်နဝါရီ ၂၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီးကျေးရွာ၌ နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီလ ၂၉ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက စီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ မိသားစုတစ်နိုင်တစ်ပိုင်အသေးစား စီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းတစ်ဦးက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကို စီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးအတွက် ငွေကျပ် ၄၈ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးအတွက် ငွေကျပ် ၇ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦးအတွက် ငွေကျပ် ၃ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၉ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၈ ဒသမ ၉ သန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုနိုင်(ကျေးလက်)**

# ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ (၂၃)ကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲနှင့် (၁၀၁)ကြိမ်မြောက် ညံရိုးမီးပူဇော်ပွဲ ကျင်းပမည်



ပြည် ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး၌ ဖေဖော်ဝါရီလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် (၂၃)ကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲနှင့် (၁၀၁)ကြိမ်မြောက် ညံရိုးမီးပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။

(၂၃)ကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၁ ရက် နံနက် ၇ နာရီတွင် စေတီတော်ရှိ မဟာဗောဓိရင်ပြင်တော်၌ ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲတွင် ရွှေဆံတော်ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများအဖွဲ့နှင့် ဝေယျာဝစ္စအသင်းအဖွဲ့တို့မှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲဝင်အသင်းအဖွဲ့များ၏ယှဉ်ပြိုင်မှုကို ဒိုင်အဖွဲ့ဖြင့် အမှတ်ပေးရွေးချယ်ပြီး တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကာ ပြိုင်ပွဲမှ ထမနဲများကို တပို့တွဲလပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အရဏ်ထမနဲဆွမ်းကပ်လှူခြင်းနှင့် စေတီတော် ကျားပုံမွှာရုံ၌ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများအား စတုဒိသာကျွေးမွေး လှူဒါန်းခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။


ယင်းနောက် ဖေဖော်ဝါရီလ ၁၂ ရက် (တပို့တွဲလပြည့်နေ့) နံနက်အရဏ်တက်ချိန်တွင် တောင်ဘက်စောင်းတန်း ဝလေးလုံးစေတီတော်အနီး၌ (၁၀၁) ကြိမ်မြောက် ညံရိုးမီးပူဇော်ပွဲကို ကျင်းပမည်ဖြစ်ကာ ဘုရားဖူးလာပြည်သူများက စေတီတော်မြောက်ဘက်စောင်းတန်းဘက်၌ ပြည်ဒေသထွက် ညံရိုးပင်များဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ညံရိုးမီးပူဇော်ကြမည်ဖြစ်သည်။

ညံရိုးမီးပူဇော်ပွဲသည် ချမ်းအေးလွန်းလှသည့် ဆောင်းရာသီတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အလင်းဓာတ်နှင့် အနွေးဓာတ်လှူဒါန်းသည့်အနေဖြင့် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ညံရိုးမီးပူဇော်ခြင်းဖြင့် ဉာဏ်အမြော်အမြင်ကြီးမားခြင်း၊ ထိုးထွင်းဉာဏ်ကောင်းမွန်ခြင်းနှင့် ဆုတောင်းပြည့်ဝခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

အဆိုပါညံရိုးမီးပူဇော်ပွဲကို ပြည်မြို့၌ သာ ထူးခြားစွာနှစ်စဉ်ကျင်းပလာခဲ့သည်မှာ (၁၀၁)ကြိမ်မြောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ပုံတူဆွဲပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




ထားဝယ် ဇန်နဝါရီ ၂၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ ပုံတူဆွဲပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီလ ၂၈ ရက်က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် စာရေးဆရာ ဦးဝင်းမြအောင်(မြိတ်)က ဝန်ထမ်းများအနေဖြင့် စာဖတ်ကြရန်လိုအပ်ကြောင်း၊ စာဖတ်ခြင်းဖြင့် အတွေ့အကြုံများ၊ ဗဟုသုတများနှင့် အသိအမြင်သစ်များ ရရှိပြီး ဦးနှောက်ဉာဏ်ကို ပို၍ကျယ်ပြန့်စေကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များ၊ သမိုင်းအစဉ်အလာများကို သိရှိနားလည်၍ အနာဂတ်တွင် တန်ဖိုးထားတတ်ကြစေရန်၊ အသိပညာဗဟုသုတကြွယ်ဝပြီး မျိုးဆက်သစ်လူရည်ချွန်များထွက်ပေါ်လာစေရန်၊ စူးစမ်းလေ့လာမှုနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု ရှိလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများက စည်းလုံးခြင်းသည်အင်အား သရုပ်ပြပုံတူပန်းချီကို စိတ်ပါဝင်စားစွာရေးဆွဲယှဉ်ပြိုင်ကြရာ စာရေးဆရာ ဦးဝင်းမြအောင်(မြိတ်)နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က ဆုရွေးချယ်ရာတွင် ပါဝင်သည့်အချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# ကျောင်းသား ကျောင်းသူများ စာဖတ်ခြင်း၏အကျိုးကျေးဇူးများရရှိစေရေး စာအုပ်ပြပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် တံတားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ခြင်း၏အကျိုးကျေးဇူးများရရှိစေရေး စာအုပ်ပြပွဲကို ဇန်နဝါရီလ ၂၈ ရက်က ကျင်းပကြောင်း သိရသည်။

အဆိုပါစာအုပ်ပြပွဲတွင် အတ္ထုပ္ပတ္တိစာအုပ်များ၊ နိုင်ငံရေးစာပေများ၊ မြန်မာ့သမိုင်းကြောင်းများ၊ အတွေးအခေါ်ဒဿနိကစာအုပ်များ၊ ဆေးပညာစာအုပ်များ၊ စိုက်ပျိုးမွေးမြူရေးနည်းပညာစာအုပ်များ၊ အနုပညာရပ်များ၊ ဘာသာရေးစာအုပ်များ၊ ဘာသာစကားများ၊ အဘိဓာန်စာအုပ်များ၊ စာပေဗိမာန်စာမူဆုရစာအုပ်များ၊ ဘာသာပြန်ဝတ္ထုများ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ ကာတွန်းရုပ်ပြများ၊ ကလေးစာပေများ စသည့် စိတ်ဝင်စားဖွယ် အထွေထွေဗဟုသုတစာအုပ်များကိုပြသထားရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာ၍ ငှားရမ်းခဲ့ကြသည်။

ထိုကဲ့သို့ လစဉ်စာအုပ်ပြပွဲကို ပြသရခြင်းမှာ ကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့ ဆောင်ပုဒ်နှင့်အညီ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာဖတ်ဝါသနာကို ပျိုးထောင်ပေးရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို သိရှိခံစားနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်း**

# တောင်ကြီးမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲကျင်းပ



**တောင်ကြီး ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှိ မြသီရိခန်းမ၌ ဇန်နဝါရီလ ၂၉ ရက် နံနက်ပိုင်းတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုက အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ရန် တည်ဆောက်သည့်နေရာတွင် ကျောင်းသား၊ ကျောင်းသူများဟာ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်နေရန်နှင့် အသိပညာ၊ ဗဟုသုတများ ပြည့်ဝနေရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ရှမ်းတိုင်းရင်းသားရိုးရာအက၊ ကျောင်းသူတစ်ဦးက တစ်ပင်တိုင်အကတို့ဖြင့် ဖျော်ဖြေ တင်ဆက်သည်။

ထို့နောက် စာပေပညာရှင်များအား အမှတ်တရ လက်ဆောင်များပေးအပ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ယင်းနောက် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများက သရုပ်ပြတင်ဆက်ကြပြီး အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သီချင်းဖြင့် ဖျော်ဖြေ တင်ဆက်ကြောင်း သိရသည်။ (၄၀၅)

# ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျောင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ဇန်နဝါရီလ ၂၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဥတ္တရသီရိခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် အဖွဲ့ဝင်များက ကျေးရွာကော်မတီဝင်များနှင့် အတူကျောင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများ၊ ရေကျော်တည်ဆောက်ခြင်းနှင့် Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာသတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆွေးနွေးပြောကြားသည်။

ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၌ လမ်းအရှည်ပေ ၆၃၀၀၊ လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့် ၁ ပေ ၉ လက်မရှိသော ကျေးလက်ကုန်ထုတ်လမ်းမြေသားတင်ခြင်းနှင့် ရိစာခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၁၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိသော ရေကျော်တည်ဆောက်ခြင်းလုပ်ငန်း၊ အရှည်ပေ ၂၀၊ အကျယ်၉ ပေ၊ အမြင့် ၆ ပေ ၉ လက်မရှိသော Slab Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် အရှည်ပေ ၂၀၊ အကျယ် ၅ ပေ ၃ လက်မ၊ အမြင့် ၅ ပေ ၉ လက်မရှိသော Slab Culvert လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို နေပြည်တော်ကောင်စီ ရန်ပုံငွေကျပ် ၁၄၆ ဒသမ ၂၇၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ရာယခုအခါ ၇၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**



# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ညောင်ဦး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဖျောက်ဆိပ်ပင်ကျေးရွာ၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၂၉ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ညောင်ဦးခရိုင်ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးလွင်နှင့် တာဝန်ရှိသူများက ဖျောက်ဆိပ်ပင်ကျေးရွာ၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးလွင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဖျောက်ဆိပ်ပင်ကျေးရွာ၌ အရှည် ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၃ လက်မရှိ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၉၂ ဒသမ ၆၅၈ သန်းဖြင့် ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၇၁၅၂ ဧက စိုက်ပျိုးပြီးစီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်



**ငဖဲ ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆည်ရေနှင့်မြေအောက်ရေတို့ကို အသုံးပြု၍ ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံစေရေးအတွက် ပဲမျိုးစုံ ၇၁၅၂ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံပဲမျိုးစုံအဖြစ် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲ၊ ပဲနောက်နှင့် အခြားပဲမျိုးစုံ ၆၉၅၉ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့အထိ မတ်ပဲ ၇၆၄ ဧက၊ ပဲတီစိမ်း ၄၉၈ ဧက၊ ကုလားပဲ ၅၅၀၈ ဧက၊ ပဲနောက် ၃၆၆ ဧကနှင့် ပဲကြီး ၁၆ ဧက စုစုပေါင်း ၇၁၅၂ ဧကစိုက်ပျိုးပြီးစီးကာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း၊ မိုးစပါးများရိတ်သိမ်းခြွေလှေ့အပြီး လယ်မြေများတွင် ဒေသခံတောင်သူများက ကုလားပဲနှင့် ပဲတီစိမ်းကို ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ငဖဲမြို့နယ်အနေဖြင့် ယမန်နှစ်က ပဲမျိုးစုံ ၆၈၈၃ ဧကကို စိုက်ပျိုးနိုင်ခဲ့ကာ အထွက်နှုန်းများကောင်းမွန်ကြောင်း သိရသည်။

ငဖဲမြို့နယ်တွင် စိုက်ပျိုးပြီးစီးသော ပဲမျိုးစုံသီးနှံများအောင်မြင်ဖြစ်ထွန်းရေး၊ ပဲမျိုးစုံအထွက်နှုန်းကောင်းမွန်ရေး၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများ စနစ်တကျထည့်သွင်းရေး၊ ပေါင်းသတ်ဆေးအသုံးပြုခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများနှင့် စနစ်တကျရိတ်သိမ်းနည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

# မုံရွာခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဂျုံသီးနှံ ၁၂၈၄၇ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဂျုံသီးနှံ ၁၂၈၄၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခု ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မုံရွာခရိုင်၌ ဂျုံသီးနှံ ဧက ၁၃၀၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၁၂၈၄၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဂျုံသီးနှံ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေအသိပညာပေးဆွေးနွေးတာတွေလုပ်မယ်။ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့ နှန်းသားတွေ ပေါင်းရှင်းဖို့ ဆောင်ရွက်ပေးနေတယ်။ ဂျုံသီးနှံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးနေတယ် "ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ကပြောသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက်ဂျုံသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်၌ ၁၈၇ ဧက၊ ဘုတလင်မြို့နယ်၌ ၄၃၅ ဧက၊ အရာတော်မြို့နယ်၌ ၁၈ ဧကနှင့် ချောင်းဦးမြို့နယ်၌ ၁၂၂၀၇ ဧက စုစုပေါင်း ၁၂၈၄၇ ဧကတို့ဖြစ်သည်။

မုံရွာခရိုင်အတွင်းရှိသက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံသီးနှံစိုက်ပျိုးမည့်တောင်သူများအား ဂျုံအထွက်နှုန်းတိုးရေးအတွက်ပညာပေးသင်တန်းများ ပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး ဆောင်ရွက်ပေးခြင်း၊ ပုလဲဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၀၉)

# ကျန်းမာရေးကိုအထောက်အကူပြုစေသည့် လွယ်ကူသောနည်းလမ်းများ

**"ဝမ်းဗိုက်ချပ်ရပ်မှုရှိအောင် ခန္ဓာကိုယ်ဆွဲဆန့်လုပ်ပေးသင့်ပါတယ်။ နေ့စဉ်ယောဂကျင့်စဉ်ကို နာရီဝက်လောက်ပြုလုပ်တာကြောင့် ဝမ်းဗိုက်ထဲမှာ အဆီစုနေတာတွေ ထက်ဝက်လျော့ကျသွားနိုင်ပါတယ်။ ယောဂကျင့်စဉ်ပြုလုပ်တာကြောင့် ခန္ဓာကိုယ်ရဲ့သဘောကို သိရှိနားလည်ပြီး အစားစားချင်စိတ်လွန်ကဲမှုမဖြစ်အောင် ကာကွယ်နိုင်တာကြောင့်လို့ ဆိုပါတယ်။**

**ယောဂကျင့်တာကြောင့် ဆံသားတွေလည်း ထူလာစေနိုင်ပါတယ်။ ယောဂပြုလုပ်တဲ့ ခန္ဓာကိုယ်အနေအထားကြောင့် ဦးခေါင်းခွံအတွင်း အောက်ဆီဂျင်ကြွယ်ဝတဲ့ သွေးတွေပိုမိုရောက်ရှိပြီး ဆံသားထူကာ တောက်ပြောင်လာနိုင်တယ်လို့ အိန္ဒိယနိုင်ငံမှ သုတေသီတွေက တွေ့ရှိထားပါတယ်. . ."**

ကိုယ့်ရဲ့နေ့စဉ်နေထိုင်မှုပုံစံကို အနည်းငယ်ပြောင်းလဲရုံနဲ့ ကျန်းမာရေးပိုကောင်းနိုင်တယ်လို့ သိပ္ပံပညာရှင်တွေက ဖော်ထုတ်ထားပါတယ်။ ဒါကြောင့် နေ့စဉ်ဘယ်လိုစားသောက်နေထိုင်မှုတွေ ပြောင်းလဲရမလဲဆိုတာ ဖော်ပြလိုက်ပါတယ်။

နှလုံးရောဂါကာကွယ်ဖို့ ဖရဲသီးစားသင့်ပါတယ်။ ဖရဲသီးက သစ်သီးနဲ့ဟင်းသီးဟင်းရွက်တွေထဲမှာ လိုင်ကိုပင်း အများဆုံးပါဝင်တဲ့ အစားအစာဖြစ်တယ်။ ဖရဲသီးမှာ နှလုံးကိုကာကွယ်နိုင်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက ခရမ်းချဉ်သီးမှာပါဝင်တာထက် ၄၀ ရာခိုင်နှုန်းပါဝင်တဲ့အတွက် နှလုံးကို အဓိကထားပြီး ဒုက္ခပေးတဲ့ ဓာတ်တိုးပစ္စည်းရန်မှ ကာကွယ်ပေးပါတယ်။ လေ့လာမှုအသစ်အရလည်း ဖရဲသီးမှာပါဝင်တဲ့လိုင်ကိုပင်းတွေကို ခန္ဓာကိုယ်မှ အများဆုံးစုပ်ယူနိုင်ပါတယ်။ ဖရဲသီးမှာ ရေဓာတ်များစွာပါဝင်လို့ ဖရဲသီးတစ်စိတ်လောက်စားလိုက်တာနဲ့ နှလုံးရောဂါကို ကာကွယ်နိုင်အားက ၃၀ ရာခိုင်နှုန်းပိုများသွားနိုင်တယ်။

ချောကလက်စားသင့်ပါတယ်။ တစ်ရက်ကို ချောကလက်တစ်အောင်စ စားသုံးတာကြောင့် နှလုံးရောဂါဖြစ်နိုင်ခြေ ၆၆ ရာခိုင်နှုန်းလျော့ချနိုင်တယ်လို့ ဆေးပညာဂျာနယ်မှာ ဖော်ပြထားပါတယ်။ သွေးကြောတွေသန်မာစေပြီး နှလုံးဆဲလ်ကျန်းမာရေးကိုကာကွယ်နိုင်တာကြောင့် ချောကလက်စားသင့်ပါတယ်။

သီချင်းနားထောင်သင့်ပါတယ်။ တစ်ရက်ကို မိနစ် ၂၀ ခန့် သီချင်းနားထောင်တာကြောင့် နာကျင်မှုဝေဒနာ ၆၆ ရာခိုင်နှုန်း လျော့ကျနိုင်တယ်လို့ လေ့လာမှုတစ်ခုမှာတွေ့ရှိခဲ့ပါတယ်။ သီချင်းသံက နာကျင်မှုဝေဒနာကို လျော့ချနိုင်တဲ့ အန်ဒိုဖင်တွေထွက်လာအောင် လှုံ့ဆော်နိုင်လို့ပဲဖြစ်ပါတယ်။

မှတ်ဉာဏ်တွေပြန်ရအောင် ဆော်ဒါသောက်သင့်ပါတယ်။ မိတ်ဆွေတွေရဲ့နာမည်မေ့နေရင် ဆော်ဒါပါတဲ့အချိုရည်သောက်သင့်ပါတယ်။ ဆော်ဒါပါတဲ့အချိုရည်တစ်ဘူး သောက်လိုက်တာကြောင့် ဆော်ဒါမသောက်သူတွေထက် မှတ်မိနိုင်စွမ်းအား ၁၁ ရာခိုင်နှုန်းပိုများတယ်လို့ လေ့လာမှုတစ်ခုအရ တွေ့ရှိခဲ့ပါတယ်။ အချိုရည်နှစ်ဘူးသောက်တာကြောင့် မှတ်ဉာဏ်စွမ်းအား ၁၇ ရာခိုင်နှုန်းပိုများနိုင်ပါတယ်။ တချို့စာတွေက ဦးနှောက်ရဲ့မှတ်ဉာဏ်ကို လှုံ့ဆော်ပေးနိုင်တာကြောင့်ဖြစ်ပါတယ်။

ဝမ်းဗိုက်ချပ်ရပ်မှုရှိအောင် ခန္ဓာကိုယ်ဆွဲဆန့်လုပ်ပေးသင့်ပါတယ်။ နေ့စဉ်ယောဂကျင့်စဉ်ကို နာရီဝက်လောက်ပြုလုပ်တာကြောင့် ဝမ်းဗိုက်ထဲမှာ အဆီစုနေတာတွေ ထက်ဝက်လျော့ကျသွားနိုင်ပါတယ်။ ယောဂကျင့်စဉ်ပြုလုပ်တာကြောင့် ခန္ဓာကိုယ်ရဲ့သဘောကို သိရှိနားလည်ပြီး အစားစားချင်စိတ်လွန်ကဲမှုမဖြစ်အောင် ကာကွယ်နိုင်တာကြောင့်လို့ဆိုပါတယ်။

ယောဂကျင့်တာကြောင့် ဆံသားတွေလည်း ထူလာစေနိုင်ပါတယ်။ ယောဂပြုလုပ်တဲ့ခန္ဓာကိုယ်အနေအထားကြောင့် ဦးခေါင်းခွံအတွင်း အောက်ဆီဂျင်ကြွယ်ဝတဲ့ သွေးတွေပိုမိုရောက်ရှိပြီး ဆံသားထူကာ တောက်ပြောင်လာနိုင်တယ်လို့ အိန္ဒိယနိုင်ငံမှ သုတေသီတွေက တွေ့ရှိထားပါတယ်။

ကင်ဆာရောဂါဖြစ်နိုင်ခြေလျော့ချဖို့ မုန်လာဥနီစားပေးသင့်ပါတယ်။ မုန်လာဥနီမှာ Falcarinol ဒြပ်ပေါင်းပါဝင်တဲ့ တစ်ခုတည်းရှိတဲ့ ဟင်းသီးဟင်းရွက်ဖြစ်တယ်။ အဲဒီဒြပ်ပေါင်းက ကင်ဆာဖြစ်နိုင်တဲ့ဆဲလ်တွေကိုဖျက်ဆီးပစ်နိုင်တာကြောင့် ကင်ဆာဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်း လျော့ချနိုင်ပါတယ်။ မုန်လာဥနီကို အလုံးလိုက်ပြုတ်ပြီး စားသင့်ပါတယ်။ ချက်ပြုတ်ပြီးမှ လှီးဖြတ်သင့်တယ်။ မချက်ပြုတ်ခင်မှာ လှီးဖြတ်လိုက်တာကြောင့် အဲဒီဒြပ်ပေါင်းတွေက ရေထဲကိုစိမ့်ထွက်နိုင်ပါတယ်။

မှတ်ဉာဏ်ကို ကာကွယ်နိုင်အောင် ကြက်သားစားသင့်ပါတယ်။ ကြက်သားမှာ အဆီပါဝင်မှုနည်းပြီး နိုင်ယာစင်ခေါ်တဲ့ ဗီတာမင် B – 3 အများအပြားပါဝင်တဲ့အတွက် အသက်အရွယ်ကြောင့်ဖြစ်တဲ့ မှတ်ဉာဏ်ဆုံးရှုံးမှုကို ကာကွယ်နိုင်ပါတယ်။ နိုင်ယာစင်များစွာပါဝင်တဲ့အစာကိုများများစားသူတွေက မှတ်ဉာဏ်ကျဆင်းနိုင်ခြေနည်းပါးပြီး အယ်လ်ဇိုင်းမားဖြစ်နိုင်ခြေလည်း ၈၀ ရာခိုင်နှုန်းအထိ လျော့ချနိုင်ပါတယ်။ နိုင်ယာစင်ကို နေ့စဉ် ၁၅ မီလီဂရမ်ရရှိအောင် ကြက်သားဟင်းတစ်တုံးစားပေးသင့်ပါတယ်။

သူငယ်ချင်းတွေနဲ့ အတူတူတွဲသွားသင့်ပါတယ်။ တစ်ယောက်တည်းနေတာထက်စာရင် သူငယ်ချင်းတွေနဲ့အတူတူ တွဲနေတာကြောင့် မှတ်ဉာဏ်တိုးတက်နိုင်ခြေ ၅၀ ရာခိုင်နှုန်း ပိုမိုမြင့်မားတယ်လို့ သိပ္ပံပညာရှင်တွေတွေ့ရှိခဲ့ပါတယ်။ ကိုယ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို မျှဝေလိုက်တာကြောင့် အာရုံကြောဆဲလ်အသစ်တွေ ပိုမိုထွက်ပေါ်လာတာလို့ဆိုပါတယ်။

နှလုံးသန်မာအောင် ပဲပိစပ်စားသင့်ပါတယ်။ ပဲပိစပ်နဲ့ပြုလုပ်ထားတဲ့မုန့်ဥပမာ–တိုဟူးကို ပုံမှန်စားသုံးသူတွေက သွေးဖိအား သိသိသာသာကျဆင်းနိုင်တယ်လို့ ဟားဗတ်တက္ကသိုလ်မှ သုတေသီတွေကဖော်ထုတ်လိုက်ပါတယ်။ ပဲပိစပ်မှာ ပရိုတင်းတွေက သွေးတိုးကျဆေးလိုမျိုး ထိရောက်မှုရှိတာကြောင့်လို့ ဆိုတယ်။ ပဲပိစပ်မှာပါဝင်တဲ့ ပရိုတင်းအိုင်ဆိုဖလိုဘုန်းခေါ်တဲ့ အီစတြိုဂျင်နဲ့ဆင်တူတဲ့ ဒြပ်ပေါင်းတွေက သွေးကြောတွေ ရောင်ရမ်းမှုအတွက် သွေးကြောကြွက်သားတွေကို အနားရရှိစေတာကြောင့် အလွယ်တကူသွေးစီးဆင်းမှုရရှိစေနိုင်ပါတယ်။

ကြက်ဥ၊ ဘဲဥ စားသင့်ပါတယ်။ ကြက်ဥ၊ ဘဲဥမှာ Choline နဲ့ Betaine ခေါ်တဲ့ အာဟာရဓာတ်တွေ များစွာပါဝင်လို့ သွေးခဲမှုဖြစ်အောင်လှုံ့ဆော်နိုင်တဲ့ Homocysteine ရဲ့ အဆင့်ကို လျော့ချနိုင်ပါတယ်။

ရင်သားကင်ဆာမဖြစ်အောင် စပျစ်သီးဖျော်ရည်သောက်သင့်ပါတယ်။ စပျစ်သီးဖျော်ရည်တစ်ဖန်ခွက်သောက်တာကြောင့် ရင်သားကင်ဆာရောဂါ ဖြစ်နိုင်ခြေကို ၆၅ ရာခိုင်နှုန်းအထိ လျော့ချနိုင်ပါတယ်။ စပျစ်သီးမှာပါဝင်တဲ့တစ်ခုတည်း ဆေးဒြပ်ပေါင်းပိုလီဖီနောက ကင်ဆာဆဲလ်တွေကြီးထွားမှုကိုကာကွယ်နိုင်ပြီး ကင်ဆာဖြစ်စေနိုင်တဲ့ဆဲလ်တွေကို ဖျက်ဆီးပစ်လိုက်တာကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် နေ့စဉ်စပျစ်သီးဖျော်ရည်တစ်ခွက်သောက်သုံးသင့်ပါတယ်။

အရိုးတွေသန်မာအောင် ဒိန်ချဉ်စားပေးသင့်ပါတယ်။ ကယ်လ်စီယမ်ဓာတ်ကို လုံလောက်အောင်ရနေတယ် ထင်ပါသလား။ ခန္ဓာကိုယ်က ဗီတာမင် D ကို အလုံအလောက်ရနေရင်တောင် အရိုးသန်မာအောင် ကယ်လ်စီယမ်ကို ခန္ဓာကိုယ်ကနေစုပ်ယူမှုက ၃၀ ရာခိုင်နှုန်းပဲရှိပါတယ်။ အပင်ကနေ သဘာဝကရရှိတဲ့ အမှုန်နဲ့ အားဖြည့်ထားတဲ့ဒိန်ချဉ်ကို စားပေးတာကြောင့် ခန္ဓာကိုယ်မှ ကယ်လ်စီယမ်စုပ်ယူမှုကို သိသိသာသာမြင့်တက်စေတယ်လို့ တွေ့ရှိထားပါတယ်။

အရိုးသိပ်သည်းမှုဆုံးရှုံးတာ ရပ်တန့်အောင် နနွင်းစားသင့်ပါတယ်။ နနွင်းက အသက်ကြီးလာရင် ဖြစ်ပေါ်လာမယ့် အရိုးသိပ်သည်းဆဆုံးရှုံးမှုကို တားဆီးပေးနိုင်ပါတယ်။

ဒေါက်တာလွင်သန့်

# တွံတေးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ထန်းမနိုင်)၌ မီးခိုး/မြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ ရေ၊ သယံဇာတထိန်းသိမ်းရေးနှင့် မီးခိုး/မြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၉ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(ထန်းမနိုင်)၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးလူမင်းက ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရန် မီးရှို့သည့်အတွက်ဖြစ်ပေါ်နိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများ၊ နယ်စပ်ဖြတ်ကျော် မီးခိုး/မြူငွေ့ဖြစ်ပေါ်စေသောအကြောင်းများ၊ မီးခိုး/မြူငွေ့ကြောင့် ထိခိုက်စေနိုင်သော ကျန်းမာရေး၊ လူမှုရေးဖြစ်စဉ်များ၊ မီးခိုး/မြူငွေ့လျှော့ချရေးအတွက် လက်တွေ့လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လေထုညစ်ညမ်းမှုဖြစ်စေနိုင်သောအကြောင်းများ၊ သစ်ပင်သစ်တော၏ အကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာခြင်းအကြောင်းများ၊ ရာသီဥတုပြောင်းလဲခြင်းကို လျှော့ချရမည့်နည်းလမ်းများနှင့် သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဖြင့် ရာသီဥတုကောင်းမွန်လာစေခြင်း၊ တောမီးလောင်မှုနှင့် မီးခိုး/မြူငွေ့တွင်ပါဝင်သော လေထုညစ်ညမ်းစေသည့် အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

မီးခိုး/မြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲသို့ အခြေခံပညာအထက်တန်းကျောင်း(ထန်းမနိုင်)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက မီးခိုး/မြူငွေ့လျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျော်သူရ(ပြန်/ဆက်)



# အသက် ၁၀၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ကို ချီးမြှင့်ငွေပေးအပ်



နေပြည်တော် ဇန်နဝါရီ ၂၉

ပေါင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မော်ကွန်းဝင်တတိယအဆင့် တပ်သားချစ်လှ (အငြိမ်းစား) အသက် ၁၀၃ နှစ်အား ဂါရဝပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တပ်သားချစ်လှ (အငြိမ်းစား) အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ချီးမြှင့်ငွေကျပ် ၅၀၀၀၀၊ မွန်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ချီးမြှင့်ငွေကျပ် ၅၀၀၀၀ နှင့် ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ချီးမြှင့်ငွေကျပ် ၅၀၀၀၀ စုစုပေါင်းငွေကျပ် ၁၅၀၀၀၀ ကို ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြုချီးမြှင့်ပေးအပ်ကြကြောင်းနှင့် နှစ်စဉ်ဆက်လက်၍ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ကန်သာယာစာကြည့်တိုက် ဖွင့်ပွဲကျင်းပ

ပဲခူး ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့၌ ဇန်နဝါရီလ ၂၈ ရက်တွင် ကန်သာယာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများက ကန်သာယာစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်ကမွည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စာကြည့်တိုက်သို့ စာပေလာရောက်ဖတ်ရှုနေသည့်လူငယ်များအား ဂုဏ်ပြုငွေများ ပေးအပ်ပြီး စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်စာစောင်များနှင့် အလှူငွေကျပ်သိန်း ၃၀ ပေးအပ်ကာ စာကြည့်တိုက်ဖွင့်ပွဲတွင် လာရောက်ဖျော်ဖြေသည့် မြန်မာ့ရိုးရာအကအဖွဲ့အား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်သူလယ်သမားနေ့ ပြုလုပ်မည့် ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ကျိုက်ပညာယျစေတီတော် မြတ်ကြီးဘေး၌ စပါး၊ ပြောင်း၊ နေကြာ၊ ပဲမျိုးစုံစံပြစိုက်ခင်းများနှင့် စားဖိုဆောင်သီးနှံစုံစိုက်ခင်းများကို သွားရောက်ကြည့်ရှုကြောင်း သိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

# မိုးနဲမြို့နယ်၌ ဆောင်းသီးနှံကြက်သွန်ဖြူ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မိုးနဲ ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးသော ကြက်သွန်ဖြူစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နှစ်စဉ် ဆောင်းရာသီတွင် ချောင်းရေတင်ပြီး ကြက်သွန်ဖြူ စိုက်ပျိုးကြောင်း၊ စိုက်ပျိုးရာတွင် ကုန်ကျစရိတ်သက်သာပြီး အပင်ပြုစုရာတွင် သက်သာကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝပိုးသတ်ဆေးသုံးစွဲရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများဖြန့်ဝေပေးလျက်ရှိကြောင်း တောင်သူဦးစိုင်းအောင်ဖေက ပြောသည်။

မိုးနဲမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်ဖြူကို ၈၈၉ ဧက စိုက်ပျိုးထားရှိပြီး မိသားစုအပိုဝင်ငွေရရှိရေး ဟင်းသီးဟင်းရွက်မျိုးစုံကိုလည်း စိုက်ပျိုးထားကြောင်း၊ တောင်သူများအတွက် ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ပြောင်းလဲလာသည့်ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

တောင်သာ ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ငါးပင်စင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၂၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် မြင်းခြံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်းနှင့်တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ငါးပင်စင်ကျေးရွာ၌ အရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြင်းခြံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်းသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ငါးပင်စင်ကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၁၅၀၀၀၀ ဖြင့် ယမန်နှစ်ဩဂုတ်လဒုတိယပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# တပ်နှင့်ပြည်သူလက်တွဲမှု၍

* ဘယ်သူသေသေ၊ ငတေမာပြီးရော
ဖိစီးလောဘ၊ ဝိသမနှင့်
အတ္တလွန်ကဲ၊ အဖျက်ရဲကြ
သွေးခွဲဝါဒ၊ ကျင့်သုံးကြလျက်
လောကထဲတွင်…
ကျင်လည်ကျက်စား အဖျက်သမား။

* ပြည်ပတိုင်းပြည်၊ မှီခိုလေ၍
ငွေနဲ့သွေးထိုး၊ ငွေအားကိုးလျက်
ကြိုးဆွဲခိုင်းစား၊ နွားအလားသို့
တစ်ပါးသူ့ကျွန်၊ စေသည့်ဝန်ကို
ယုတ်လွန်အဖျက် အကြမ်းဖက်များ။

* မြန်မာပြည်ဖွား၊ တို့သွေးသားက
အခြားလက်အောက်၊ ကျွန်သပေါက်သို့
မြောက်ပင့်မြောက်ခိုင်း၊ ဝါဒမိုင်းတိုက်
ရိုင်းပျမိုက်ရိုင်း၊ ထင်တိုင်းကြဲလျက်
အဖျက်လုပ်ရပ် ဆုံးမသတ်နိုင်။

* တပ်နှင့်ပြည်သူ၊ လက်တွဲမှု၍
ရန်သူအားလုံး၊ ပျောက်ကွယ်သုဉ်းစေ
ချေမှုန်းပစ်ခတ်၊ ရပ်စဲလတ်၍
ချစ်အပ်ပြည်သူ၊ ငြိမ်းချမ်းမှုကို
ရယူရေရှည်၊ တည်တံ့သည်နှင့်
ဒီမိုကရေစီ၊ ဦးတည်ချက်ညီ
ဆက်လက်ရည်ရွယ်၊ ဖက်ဒရယ်စနစ်
အုတ်မြစ်ချလျက် ဆောင်ရွက်ကြအံ့။

* ပြည်သူသွေးချင်း၊ စည်ရိုင်းပင်းလျက်
ပြည်တွင်းအင်အား၊ ပြည်တွင်းတွင်သာ
အစဉ်ရှိငြား၊ သတိထားကြ
တရားသောစစ်၊ ဆင်နွှဲရစ်၍
စစ်ပွဲဟူကား၊ ပြည်သူအားလုံး
စည်ရုံးမှုန်းကြ၊ အဆုံးဖြတ်က
အမုန်းဇာတ်သိမ်း ငြိမ်းချမ်းလို့
နှလုံးစိတ်ဝမ်း အေးချမ်းဖို့။ ။

ကျော်လွင်ဦး(ပျဉ်းမနား)

# မုံရွာမြို့ ကွေ့ကြီးရပ်ကွက် ချင်းတွင်းမြစ်ကမ်းပါးတွင် ကျောက်စီမြေထိန်းနံရံတည်ဆောက်နေမှု ယခုဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်မည်



မုံရွာ ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကွေ့ကြီးရပ်ကွက်၌ ချင်းတွင်းမြစ်ကမ်းပါး ထိန်းသိမ်းရေးလုပ်ငန်းအဖြစ် အလျားပေ ၃၀၀ ရှိ ကွန်ကရစ်ပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ တည်ဆောက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကွေ့ကြီးရပ်ကွက် ချင်းတွင်းမြစ်ကမ်းပါးတွင် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ကမ်းပါးကြွခိုင်မှုအားကောင်းလာစေပြီး မြစ်ကမ်းပါးများပြိုကျခြင်းမှ ကာကွယ်နိုင်စေရန်၊ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပမှုကို အထောက်အကူဖြစ်စေရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုငွေ ငွေကျပ်သန်း ၃၀၀ အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

"ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှာ စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ၁၂ ရာခိုင်နှုန်းလောက် ပြီးစီးနေပြီဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် မတ်လမကုန်ခင် ပြီးစီးအောင်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲသွေးအောင်ကပြောသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘုရားကြီးရပ်ကွက်၌ ချင်းတွင်းမြစ်ကမ်းပါး ထိန်းသိမ်းရေးလုပ်ငန်းအဖြစ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုခွင့်ပြုငွေဖြင့် အလျားပေ ၃၀၀ ရှိ ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ကလေးဝ၊ ကလေး၊ ဟုမ္မလင်းနှင့် ခန္တီးမြို့နယ်များ၌လည်း မြစ်ကမ်းပါး ထိန်းသိမ်းရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် မြစ်ကြောင်းများအတွင်း လှေ၊ သင်္ဘောများသွားလာရာတွင် အခက်အခဲများမရှိစေရန် အတွက် ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# ကျောက်ဆည်မြို့၌ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပ



ကျောက်ဆည် ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားစေရန်၊ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဇန်နဝါရီလ ၂၈ ရက်က ကျောက်ဆည်မြို့ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်များရရှိလာစေရန်၊ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များဖြစ်ပေါ်လာစေရန် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပရာ ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ/ရသ စာအုပ်စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

ရွာင် ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် မြိုင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းဖြစ်သည့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ပြီး အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဇန်နဝါရီလ ၂၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်ဦး၊ ရွာင်မြို့နယ် ဦးစီးမှူး ဦးသိန်းမြတ်ထိုက်နှင့် တာဝန်ရှိသူများသည် မြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် ကော်ဖီသီးလုံးစို ဝယ်ယူကြိတ်ခွဲထုတ်လုပ်နေမှုနှင့် ရောင်းချနေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဒေသဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြိုင်ကျေးရွာ၌ အသင်းသား၊ အသင်းသူ ၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၂၆ သိန်းအထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိန်လွင်**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်နည်းသင်တန်းဆင်း




တံတားဦး ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဂဟေဆက်နည်းသင်တန်းဆင်းပွဲကို ဇန်နဝါရီလ ၂၈ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှယဉ်မြင့်က အဖွင့်အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချောယဉ်စုက သင်တန်းသားများအနေဖြင့် သင်တန်းမှသင်ကြားပေးခဲ့သော အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ကြသည်။

အဆိုပါသံဂဟေဆက်နည်းသင်တန်းကို တံတားဦးမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**ဖြိုး(ကျေးလက်)**

# ငွေတောင်ပြည်သို့ သမင်လည်ပြန်

မြင့်စိုး(နတလ)

**ထူးထူးခြားခြား ကယားရိုးရာအားကစားပွဲများ**

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင် ကျရောက်သော (၇၃) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင် အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပြီးနောက် နိုင်ငံတော်စီမံ



ကယားရိုးရာစပါးထောင်းပြိုင်ပွဲကျင်းပနေစဉ်။

အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ယှဉ်ပြိုင်နေကြသည့် အားကစားပြိုင်ပွဲများကိုသွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများထဲ ကယားရိုးရာစပါးထောင်းပြိုင်ပွဲကို ကျွန်တော်စိတ်အဝင်စားဆုံးဖြစ်သည်။ ယှဉ်ပြိုင်မည့်အဖွဲ့က ကိုးဖွဲ့၊ အမှတ်ပေးဒိုင်ကလည်း ကိုးဦး၊ စပါးထောင်းမည့်ဆုံကိုးဆုံကိုလည်း ကျရာမဲနှိုက်ယူရမည်။ တစ်ဆုံလျှင် ပြိုင်ပွဲဝင်မည့်သူနှစ်ဦးနှင့် ကြီးကြပ်သူတစ်ဦးပါဝင်သည်။ သတ်မှတ်ချက်အတိုင်း ထုတ်ပေးထားသော စပါးကိုဆုံအတွင်းထည့်၍ ပြိုင်ပွဲဝင်နှစ်ဦးက ငါးမိနစ်အတွင်းထောင်းကာ ဆန်အဖြစ်ပြာတီးသန့်စင်ပြီးနောက် ဒိုင်အဖွဲ့ထံအချိန်မီတင်ပြရမည်ဖြစ်သည်။ သတ်မှတ်ချိန် ငါးမိနစ်အတွင်း ပြီး/ မပြီး၊ စပါးလုံးပါဝင်မှုအနည်း/ အများ၊ ဆန်အရည်အသွေးကောင်း/ မကောင်းတို့အပေါ်မူတည်၍ အမှတ်ပေးသွားမည်ဖြစ်သည်။

ကြီးကြပ်သူကလည်း လိုအပ်တာတွေပြောပေး၊ ပြိုင်ပွဲဝင်နှစ်ဦးကလည်း သတ်မှတ်ချိန်အတွင်း ဆန်ထောင်းခြင်း၊ ပြာခြင်း၊ စပါးလုံးကောက်ခြင်းတို့ကို ဇယ်ဆက်သလို တောက်လျှောက်မရပ်မနားလုပ်ဆောင်ကြရသည်။ ဒိုင်အဖွဲ့ကစစ်ဆေးချိန်တွင် စပါးလုံးအရေအတွက် ၁၀ လုံးအထိ ပါဝင်နေပါက ပယ်စာရင်းဝင်သွားပြီး ဆုရဖို့မျှော်လင့်ချက်မရှိတော့ကြောင်း သိရသည်။ တက်ညီလက်ညီဆောင်ရွက်ရခြင်း၊ အားမာန်ထည့်ရခြင်း၊ လျင်မြန်သွက်လက်ရခြင်း၊ ကျွမ်းကျင်မှုရှိခြင်းတို့ပေါင်းစပ်၍ ယှဉ်ပြိုင်ရသော ကယားရိုးရာစပါးထောင်းပြိုင်ပွဲကိုကြည့်ရသည်မှာ အနုပညာမြောက်သလို ငါးမိနစ်အတွင်း မိသားစုတစ်စုစာအတွက် ချက်စားနိုင်မည့် ဆန်ဖြစ်လာအောင် ထောင်းနိုင်စွမ်းကိုလည်း အံ့သြဘနန်း တွေ့မြင်ခဲ့ရသည်။

ထူးခြားသည့် အခြားပြိုင်ပွဲတစ်ရပ်မှာ ကယားရိုးရာ ချောတိုင်တက်ပွဲဖြစ်သည်။ ကျွန်တော်တို့ဆီမှာလို ဝါးပိုးဝါးကို ဆီထည့်၍ ချောတိုင်လုပ်ထားခြင်းမဟုတ်ပေ။ တိုင်နှစ်တိုင်ပေါ်တွင် တန်းပစ်၍ ၎င်းတန်း၌ အရှည် ၁၅ ပေခန့် ငှက်ပျောတုံးကို တွဲလောင်းဆွဲထားပြီး လှုပ်လိုက်လျှင် ဆီတွေထွက်လာအောင် စီမံထားခြင်းဖြစ်၏။ အဖွဲ့လိုက်မပြိုင်ရဘဲ တစ်ဦးချင်းတက်ရသည်။ အချို့တက်သော်လည်း ထိပ်သို့ မရောက်ဘဲပြန်ကျသည်။ အချို့ကလေးတွေကတော့ အဖျားထိတက်ပြီး ချိတ်ဆွဲထားသော ဆုငွေကိုအရယူပြကြသည်။ ယခုအားကစားနည်းများအပြင် ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ မူကြိုကလေးများ ကာယစွမ်းရည်ပြိုင်ပွဲ၊ ကယား/ ကယန်းရိုးရာနပန်းပြိုင်ပွဲများကိုလည်း ကျင်းပပေးပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**လွိုင်ကော်ဘူတာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ**

လွိုင်ကော်မြို့သို့ ရောက်ရှိသည့် ဇန်နဝါရီလ ၁၄ ရက် နံနက်ပိုင်းမှာပင် (၇၃) နှစ်မြောက် ကယားပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် လောဓမ္မာရပ်ကွက်နှင့် ဒေါတမရပ်ကွက်ရှိ ဘူတာလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လမ်းသစ်ဖွင့်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပန်းဖွားအကအဖွဲ့၊ Zumba အကအဖွဲ့၊ Fitness Dance အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကာ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှု၍ အကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထိုနေ့လမ်းဖွင့်ပွဲ၌ အကအဖွဲ့များ၏ မြူးကြွသွက်လက်သော အကများကို တွေ့မြင်ခဲ့ရသလို ကျောက်တောင်ဒိုးပတ်ဝိုင်းအဖွဲ့၏ လက်သံကလည်း မြိုင်ဆိုင်လှပေသည်။ ဗုံထောက်သံခေါ်မလား၊ ခွန်းထောက်ခေါ်လေမလား ဖြစ်သွားရင်း ကြားနေရသည်။

“ဒို့ကယားဆို တစ်ခါတစ်ခေါက်
(လာရောက်ဖို့ ဖိတ်ခေါ်ချင်)၂
ပမာပြဖို့ စိတ်ပျော်ရွှင်
မိတ်ဖော်ဆွေ လူအများ
(တစ်မူခြားလို့ နောက်နောင်မျှော်ရည်)၂
ခေါင်ရည်ချို သောက်ကြစို့လား
ဒိုးပတ်သံ စီစီညံသာ
ရွှင်ပျော်ပျော် ကကြခုန်ကြ
ပြည်နယ်ပွဲပေမို့ ပျော်စရာရွှင်စရာ
ဒီလမ်းဖွင့်ပွဲမှာ၊ ဟေ့ ဒီလမ်းဖွင့်ပွဲမှာ
(ပြည်နယ်တစ်ဝှမ်းမို့ အေးချမ်းသာယာ)၂
စုပေါင်းကာ ဝိုင်းကြစို့လေး”

ယခုလို ကွန်ကရစ်လမ်းသစ်အဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးခြင်းအတွက် ဘူတာလမ်းတွင်နေထိုင်သူ ဦးလှမိုးက ကျေးဇူးတင်စကားပြောကြားရာ၌ **“ခေတ်မီသန့်ရှင်းသပ်ရပ်သာယာလှပတဲ့ လွိုင်ကော်မြို့ကြီးကို ပြန်လည်တည်ဆောက်တဲ့နေရာမှာလည်း ကျွန်တော်တို့အနေနဲ့ တတ်နိုင်တဲ့အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ချိန်က အာဆီယံနိုင်ငံများအကြား အသန့်ရှင်းဆုံးမြို့ဆုကိုရရှိခဲ့တဲ့ ကျွန်တော်တို့ ကယားပြည်နယ် လွိုင်ကော်မြို့ကြီးကို ဆက်လက်ပြီး ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်ရန်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုများကို နာခံလျက် နိုင်ငံ့သားကောင်းများ ပီသစွာ နေထိုင်သွားကြမှာဖြစ်ပါတယ်”** ဟု သူ၏ရင်တွင်းဆန္ဒကို ထုတ်ဖော်ပြောကြားသွားခဲ့သည်။ လွိုင်ကော်မြို့ကြီး ပြန်လည်တည်ဆောက်ရေးအတွက်သာမက ကယားပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက်လည်း ပြည်နယ်သူပြည်နယ်သားတိုင်းမှာ တာဝန်ရှိပေသည်။

**လွိုင်ကော် ခုတင် ၅၀၀ ဆေးရုံကြီး ပြန်လည်ဖွင့်လှစ်ကုသ**

ဆေးရုံပရိဝုဏ်အတွင်းသို့ ဝေ့ဝိုက်ကြည့်လိုက်ကတည်းက စိတ်ဝင်စားစရာတွေကို စတွေ့ရပါပြီ။ မြင့်မားသည့် ရေစင်ကြီး၏ ထိပ်ပိုင်းမှာ ကျည်ထိမှန်ဒဏ်ရာတစ်ချက် ရထားသည်။ မင်္ဂလာရပ်ကွက်၊ ရွှေတောင်ရပ်ကွက်၊ ဒေါ့ဥခူရပ်ကွက်တို့မှာ ဒဏ်ရာဒဏ်ချက်တွေ ထောင်းလမောင်းထခဲ့သလို ဆေးရုံကြီးဝင်းထဲမှာလည်း အုပ်ချုပ်မှုဆောင်၊ ဖျားနာဆောင်၊ ကလေးကုသဆောင်၊ အထူးကုပြင်ပလူနာဆောင်၊ လေးခန်းတွဲနှစ်ထပ် အရာထမ်းဝန်ထမ်းအိမ်ရာ၊ သမားတော်နေအိမ်များထိမှန်ပျက်စီးပြီး ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းများလည်း ဖျက်ဆီးခံခဲ့ရသည်။

ယခင်နတလဝန်ထမ်းဘဝက လွိုင်ကော်အပါအဝင် ကယားပြည်နယ် ခရိုင်၊ မြို့နယ်အားလုံးသို့ရောက်ခဲ့သည်။ ပန်ပက်ဒေသ ကယန်းရွာများမှာ ကျေးရွာရေရရှိရေးလုပ်ငန်းများ၊ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ခရီးသွားလုပ်ငန်းမြင့်မားတိုးတက်လာစေဖို့ စေတနာရည်သန်ခဲ့ကြသည်။ ယင်းသို့ရောက်လင့်ကစား လွိုင်ကော်ဆေးရုံနှင့်မူ ရေစက်မဆုံခဲ့ပါ။ ယခုရောက်ခွင့်ကြုံ၍ ဆေးရုံတည်ဆောက်မှုကမ္ပည်းမော်ကွန်းကို လေ့လာကြည့်သောအခါ တော်လှန်ရေးကောင်စီဝင် စက်မှုလက်မှုဌာနတာဝန်ခံ တိုင်းမှူး ဗိုလ်မှူးကြီး မောင်ရွှေကိုယ်တိုင်ဖွင့်လှစ်သည် (၂၉-၉-၁၉၆၄ ဟု တွေ့ရ၏။) နှစ်ပေါင်း ၆၀ ကျော်လာပြီဖြစ်၍ အတော်လေး ရှေးကျသလို လူနာခန်းများ၏ ဘေးပတ်ပတ်လည်နံရံမှာ ၈ လက်မနီးပါး ဖြက်ရှိသည့် ပျဉ်ပြားကြီးများ (ကျွန်းသစ်ဖြစ်နိုင်ပါသည်) ကပ်ပေးထားသည်။ လူနာများ ၎င်းပျဉ်ချပ်ကို အားပြုဆုပ်ကိုင်ပြီး လမ်းလျှောက်ဖို့ဖြစ်ပါလိမ့်မည်။

လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီး၏ ဆောင်ပုဒ်၊ ရပ်တည်မှုနှင့် ရည်မှန်းချက်တို့ကိုလည်း သိရှိခွင့်ရခဲ့သည်။ လူနာများနှင့်ဆေးရုံဝန်ထမ်းများ၏ စိတ်ကျေနပ်မှုရရှိစေသည့် မြန်မာနိုင်ငံ၏ ပြယုဂ်ဆေးရုံတစ်ရုံဖြစ်လာစေဖို့ ရည်မှန်းထားသည်။ ကယားပြည်နယ်တစ်ခုလုံးတွင် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဖြည့်ဆည်းပေးခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းအသီးသီးနှင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူများ၏ လူနေမှုဘဝတိုးတက်ကောင်းမွန်လာစေရေးအတွက် စိတ်ပါဝင်စားတက်ကြွစွာ ဆောင်ရွက်ခြင်းတို့ဖြင့် ဆေးရုံ၊ ဆရာဝန်၊ ဆရာမ၊ သူနာပြုများ၏ ရပ်တည်မှုကို ဖော်ပြသွားမည်ဖြစ်သည်။ ဆေးရုံကြီး၏ ၏ဆောင်ပုဒ်မှာ We belong to the State, We serve the State, We grow with the State ဟူ၍ ဖြစ်ပါသည်။

ကယားပြည်နယ်အတွင်း ယခင်က ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုအခြေအနေမှာ လွိုင်ကော်၌ ခုတင် ၅၀၀ ဆံ့ ဆေးရုံတစ်ရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံ တစ်ရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံသုံးရုံ၊ ဆေးပေးခန်းနှင့်

စာမျက်နှာ ၁၂ သို့ ❐




ဘူတာလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပနေစဉ်။

❐ စာမျက်နှာ ၁၁ မှအဆက်

ကျေးလက်ကျန်းမာရေးဌာန ၅၂ ခု၊ ဒီးမော့ဆို၌ ခုတင် ၅၀ ဆံ့ ဆေးရုံတစ်ရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံလေးရုံ၊ ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာန ၇၂ ခု၊ ဘောလခဲ၌ ခုတင် ၅၀ ဆံ့ ဆေးရုံတစ်ရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံနှစ်ရုံ၊ ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာန ၂၉ ခု၊ မယ်စဲ့၌ ၂၅ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာန ၁၁ ခု အသီးသီး ဖွင့်လှစ်ကုသပေးခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ခဲ့ရာမှ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် လွိုင်ကော်မြို့နယ်အတွင်း၌ လောခလေးတိုက်နယ်ဆေးရုံတစ်ရုံကိုသာ ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်သူများအနေဖြင့် အမှတ် (၇) တပ်မတော်ဆေးရုံ ခုတင် ၁၀၀ သို့ အရေးပေါ်တက်ရောက်ကုသမှုများ ပြုလုပ်ခဲ့ရသည်။ ယခုကျွန်တော်တို့ရောက်ရှိခဲ့သည့် ခုတင် ၅၀၀ ဆေးရုံကြီးကို ၂၀၂၄ ခုနှစ် မေလ ၃၀ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး တွဲဖက်များအပါအဝင် ဆရာဝန် ၁၆ ဦး၊ သူနာပြု ၆၉ ဦး၊ အခြားဝန်ထမ်း ၅၅ ဦး စုစုပေါင်း ၁၄၀ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ တပ်မတော်ဆေးရုံမှ ဆရာဝန်လေးဦး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်တစ်ဦး၊ သူနာပြုတစ်ဦးတို့လည်း လာရောက်တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ဇန်နဝါရီလ ၁၄ ရက် လမ်းဖွင့်ပွဲအပြီး၌ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများသည် ကယားပြည်နယ်ဝန်ကြီးချုပ် လိုက်ပါလျက် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာတွင် ပြည်နယ်တာဝန်ခံဆရာဝန် ဆေးရုံအုပ်ကြီး ဒေါက်တာစည်သူက ရှင်းလင်းတင်ပြရာ ဆေးရုံ၏လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက ဆေးပဒေသာပင် ရန်ပုံငွေကျပ် ၅၅ သိန်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်းနှင့် စားသောက်ဖွယ်ရာများပေးအပ်ကြရာ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက လက်ခံရယူကြသည်။

ယင်းနောက် ဆေးရုံလူနာဆောင်များကို လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်လူနာများအတွက် အာဟာရဖြည့်စွက်စာနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြပါသည်။ ဖျားနာဆောင်တွင် တက်ရောက်ကုသနေသူ လူနာအမျိုးသမီးကြီးတစ်ဦး၏အမည်မှာ ဒေါ်ညိုဟု ခေါ်ကြောင်း၊ လွိုင်ကော်တွင် နေထိုင်သော်လည်း ၎င်း၏ဇာတိက သဲတောဝမ်းတွင်းအနီးမှ ဟံဇားဇာတိဖြစ်ကြောင်း၊ သားသမီး ၁၄ ယောက်ထွန်းကားခဲ့ပြီး တစ်ယောက်ပျက်စီးသွားသဖြင့် ၁၃ ယောက်ကျန်သေးကြောင်း၊ မျက်စိတိမ်ခွဲရန် တက်ရောက်နေရာမှ ကိုယ်တစ်ခြမ်းလေထိသွားသဖြင့် ကုသနေရကြောင်း သိရသဖြင့် အားပေးစကားပြောကြားခဲ့ပါသည်။

**သီရိမင်္ဂလာ အဆင့်မြင့်နှစ်ထပ်ဈေးသစ်ကြီး**

လွိုင်ကော်မြို့ လောခမ္ဘရပ်ကွက်ရှိ မြေဧက ၈ ဒသမ ၈၄ ဧကပေါ်တွင် သီရိမင်္ဂလာဈေးကို ၁၉၉၁ ခုနှစ်၌ တည်ဆောက်ပေးခဲ့သည်။ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်းအဆောက်အအုံများဖြစ်သည်။ အဆိုပါဈေးကို အကြမ်းဖက်သောင်းကျန်းသူများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ကြရာ ဆိုင်ခန်းပေါင်း ၉၄၈ ခန်း မီးလောင်ပျက်စီးခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လွိုင်ကော်ခရီးစဉ်၌ အဆင့်မြင့်ဈေးသစ်တည်ဆောက်ပေးရန် လမ်းညွှန်ချက်အရ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကွပ်ကဲကြပ်မတ်၍ မီးလောင်ပြင်ကို ရှင်းလင်းခြင်း၊ ဟင်းသီးဟင်းရွက်နှင့် သားငါးရောင်းသည့်နေရာတွင် ယာယီဈေးကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂ ရက်၌ စတင်တည်ဆောက်ပေးပြီး ရောင်းချစေခြင်း၊ အဆင့်မြင့်ဈေးတွင် ရှေ့မျက်နှာစာနှစ်ထပ်ဆိုင်ခန်းများ တည်ဆောက်ခြင်း၊ ဈေးအတွင်း၌ ၉ပေ x ၉ပေ ဆိုင်ခန်း ၂၈၈ ခန်း တည်ဆောက်ခြင်း၊ ဈေးရုံခြောက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိပါသည်။ မျက်နှာစာနှစ်ထပ်ဆိုင်ခန်းများမှာ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ မြို့တွင်းရှိ ဗဟိုဈေးနှင့် နှစ်ထပ်ဈေးတို့ကိုလည်း ပြန်လည်ပြင်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တစ်သီးတခြားစီဖြစ်တည်နေသော လွိုင်ခေါ်မှ လွိုင်ကော်သို့**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သောအဖွဲ့၏ ဇန်နဝါရီလ ၁၄ ရက် လှည့်လည်ကြည့်ရှုသည့် အစီအစဉ်တွင် ရွှေတောင်ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ငွေကျပ်သန်းပေါင်း ၂၃၉ ဒသမ ၀၆၀ သန်း၊ လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ငွေကျပ်သိန်း ၁၅၀ လှူဒါန်းခြင်းများပြုလုပ်ခဲ့ကြသည်။

ယင်းသို့ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ကြီးတစ်ပါးက လွိုင်ကော်နှင့်ပတ်သက်၍ မိန့်ကြားသည်မှာ **“လွိုင်ကော်လို့ အမည်ခေါ်တွင်ကြတာနဲ့ ပတ်သက်ပြီးပြောရရင် အခုဘုန်းကြီးတို့ ကျောင်းဘေးမှာရှိတဲ့ ဘုရားကုန်းလေးကို အစွဲပြုပြီးခေါ်ကြတာဖြစ်တယ်။ သည်ဘုရားကုန်းလေးကို လွိုင်ခေါ် (တစ်သီးတခြားဖြစ်တည်နေသောတောင်) လို့စတင်ခေါ်ဝေါ်ခဲ့ကြရာက မြို့ကိုလည်း လွိုင်ခေါ်လို့ခေါ်ကြပြီး အဲဒီကမှ လွိုင်ကော်ရယ်လို့ဖြစ်လာတာပါပဲ”** ဟု ဗဟုသုတဖြစ်ဖွယ် မိန့်ကြားသွားခဲ့သည်။

**ယာယီနေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံအားပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးညဏ်ထွန်းနှင့် ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးဦးမြင့်စိုး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီရယ်တို့သည် ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်မှူးတို့နှင့်အတူ ဇန်နဝါရီလ ၁၅ ရက် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ လယ်ဓမ္မာရုံသို့ သွားရောက်ပြီး ယာယီနေရပ်စွန့် ဒေသခံပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြသည်။ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့်လည်းကောင်း၊ ရေကြီးမှုသဘာဝဘေးကြောင့်လည်းကောင်း နေအိမ်များပျက်စီးဆုံးရှုံးခဲ့ခြင်းဖြစ်ပေရာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့က နေအိမ်များပြုပြင်ရန် ငွေကျပ် ၂၁၁ သန်းနှင့် ဆန်၊ ဆီ၊ ဆား၊ ပဲများ ပေးအပ်ခဲ့ပါသည်။

**ဝန်ထမ်းအိမ်ရာများအားလှည့်လည်ကြည့်ရှု**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ စုပေါင်းဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးထားသည့် အခြေအနေ၊ ဝန်ထမ်းများပြန်လည်နေရာချထားပေးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုကာ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများပေးအပ်ပါသည်။ ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝန်ထမ်းအိမ်ရာများကို မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင်ပြုပြင်ပေးထားကြောင်း တွေ့ရသည်။ ၎င်းဝန်ထမ်းအိမ်ရာများသည်လည်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ အမြန်ဆုံးပြန်လည်ပြုပြင်၍ ပြီးသမျှအိမ်ရာများ၌ စနစ်တကျနေရာချထားပေးခဲ့သည်။ ဆက်လက်၍လည်း ပြုပြင်ပေးသွားမည်ဖြစ်သည်။ ဝန်ထမ်းအိမ်ရာမိသားစုများနှင့်အတူ စာရေးဆရာမကြီး မဟူရာ(လွိုင်ကော်) ကိုမမျှော်လင့်ဘဲ တွေ့ခွင့်ရခဲ့သောကြောင့် ဝမ်းပန်းတသာ နှုတ်ဆက်ခဲ့ပါသည်။

**ကယားပြည်နယ်၏စိုက်ပျိုးရေးလုပ်ငန်းများ**

ကယားပြည်နယ်အတွင်း မြေအသုံးချမှုအနေဖြင့် စိုက်ပျိုးမြေ ၁၆၆၁၅၅ ဧကရှိပါသည်။ စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ အဓိကစိုက်ပျိုးလျက်ရှိရာ ဒေသဝမ်းစာအတွက် ဆန်စပါးဖူလုံမှုရှိသည်။ ဆီထွက်သီးနှံအနေဖြင့် ၆၀ ရာခိုင်နှုန်းကျော် ဖူလုံကြောင်းသိရသဖြင့် ယခုထက်ပိုမိုစိုက်ပျိုးနိုင်ရန်အတွက် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ရှိလာသည်နှင့်အမျှ သမဝါယမအသင်းစု၊ အခြေခံအသင်းများက ပူးပေါင်းစိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကယားပြည်နယ်ဝန်ကြီးချုပ်က ဇန်နဝါရီလ ၁၆ ရက် နံနက်ပိုင်းတွင် ရာသီသီးနှံစံပြစိုက်ခင်းဆောင်ရွက်နေမှုကို လိုက်လံပြသခဲ့သည်။ ၄ လက်မ စက်ရေတွင်းမှ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရယူ၍ ရာသီသီးနှံ မုန်ညင်း၊ ကြက်သွန်ဖြူ၊ မာလကာ၊ ကြက်သွန်နီ၊ ငရုတ်၊ ခရမ်းအပါအဝင် သီးနှံ ၂၄ မျိုးစိုက်ပျိုးပြသထားသည်။

**ကယားပြည်နယ်နှင့် စွမ်းအင်ကဏ္ဍ**

လွိုင်ကော်မြို့သို့ ရောက်တုန်းရောက်ခိုက် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်မှစတင်ကာ ၄ မိုင် ပင်မဓာတ်အားခွဲရုံ ပျက်စီးမှုအခြေအနေ၊ အောင်သီဟရပ်ကွက် ဓာတ်အားခွဲရုံ ပျက်စီးမှုအခြေအနေ၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်တွင် အရေးကြီးနေရာများသို့ ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ၂၀၂၄ ခုနှစ်မေလ ၃ ရက်မှစတင်ကာ လွိုင်ကော်မြို့တွင်း၌ ပုံမှန်မီးရရှိမှုအခြေအနေတို့ကို လေ့လာသိရှိခဲ့ရသည်။ ၂၀၂၄ ခုနှစ် ဧပြီလနှင့် ဇူလိုင်လတို့အတွင်း ဘီလူးချောင်းအမှတ် (၂) စက်ရုံမှ ကေ ၅၀၀ ဓာတ်အားခွဲရုံသို့ သွယ်တန်းထားသော ၃၃ ကေဗွီ ဓာတ်အားလိုင်း၏ ကွန်ကရစ်တိုင်များ ဖောက်ခွဲဖျက်ဆီးခံရကြောင်းကိုလည်း သိရှိခဲ့ရသည်။ ယနေ့အချိန်တွင် လွိုင်ကော်မြို့ပေါ် ၂၃ ရပ်ကွက်အနက် ၁၅ ရပ်ကွက်ကိုလည်းကောင်း၊ လောပိတအနီးရှိ ကျေးရွာ ၁၂ ရွာသို့လည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးထားကြောင်း သိရပါသည်။

**ကယားပြည်နယ်နှင့် ပညာရေးကဏ္ဍ**

အခြေခံပညာကျောင်း ၄၆၀ ကို ဖွင့်လှစ်သင်ကြားပေးနေပါသည်။ အဆင့်မြင့်ပညာကဏ္ဍတွင် လွိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေး ဒီဂရီကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

**ကယားပြည်နယ်အတွက် စာရေးသူ၏ဆန္ဒမွန်**

ပုံမှန်အားဖြင့်ဆိုလျှင် ကယားပြည်နယ်သည် အေးချမ်းသာယာလှပသော ပြည်နယ်တစ်ခုဖြစ်သည်။ ခရီးသွားလုပ်ငန်းအတွက် အခြေခံကောင်းများနှင့်လည်း ပြည့်စုံပေသည်။ ထူးခြားသော တောတောင်ရေမြေသဘာဝ၊ တိုင်းရင်းသားများ၏ နွေးထွေးပျူငှာဖော်ရွေမှုများ၊ ယဉ်ကျေးမှုဓလေ့စရိုက်များက များစွာအထောက်အပံ့ဖြစ်စေခဲ့သည်။ သဘာဝအလှတရားများ ပြည့်စုံကြွယ်ဝသော်ငြားလည်း ခရီးသွားဝင်ရောက်မှု နည်းပါးနေခြင်းကြောင့် Virgin Land ဟုပင် တင်စားခေါ်ဝေါ်နေကြကြောင်း သိရသည်။ အဓိကအကြောင်းရင်းမှာ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု အပြည့်အဝရှိရေး အာမခံချက်ပင် ဖြစ်သည်။ ယင်းသို့ဖြစ်လာစေရန်မှာ ဒေသခံတိုင်းရင်းသားများတွင် အဓိကတာဝန်ရှိနေပါသည်။ ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ရပါမည်။

ပြည်နယ်အစိုးရအနေဖြင့် အထင်ကရခရီးစဉ် ၅၇ နေရာ၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းပေါင်း ၆၆ ခုအထိ ဖော်ဆောင်နိုင်ခဲ့ကြောင်း တွေ့ရသည်။ ကန္တာရဝတီငွေတောင်ပြည်သို့မဟုတ်ကယားပြည်နယ်ကို ကျွန်တော် သံယောဇဉ်ကြီးခဲ့ပါသည်။ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများစွာလုပ်ပေးခဲ့ဖူးပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များနှင့်လည်း ထိတွေ့ဆက်ဆံခဲ့ဖူးပါသည်။ ရှေးယခင်ကကဲ့သို့ တည်ငြိမ်အေးချမ်းပြီး သာယာလှပသော ကယားပြည်နယ်အဖြစ် ထာဝစဉ်တွေ့မြင်လိုပါသည်။ မလွဲမသွေဖြစ်လာရမည်ဟုလည်း အလေးအနက်ယုံကြည်မိပါသည်။ ။



လွိုင်ကော်အမည်နာမ၏ မူလအစဖြစ်တည်ရာ ရွှေတောင်ပရိယတ္တိစာသင်တိုက်အတွင်းရှိ စေတီကုန်းကိုတွေ့ရစဉ်။

# လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ၊ မြစ်ကြီးနားမြို့တွင်းလမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ပြုပြင်မွမ်းမံမှုနှင့် အသစ်တိုးချဲ့ရေးဆွဲစိုက်ထူထားရှိမှုအခြေအနေများမြေပြင်ကွင်းဆင်းစစ်ဆေး




နေပြည်တော် ဇန်နဝါရီ ၂၉

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများတစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးနှင့် Road Safety Audit အဖွဲ့ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်နယ်ဝန်ကြီးချုပ်က လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီပြည့်စုံမှန်ကန်ညီညွတ်စေရေးအတွက်ဒေသကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်လျက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြစ်ကြီးနားမြို့သည် ပြည်နယ်မြို့တော်ဖြစ်သည့်အတွက် မြို့တော်အင်္ဂါရပ်နှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီပြည့်စုံမှန်ကန်ညီညွတ်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများတစ်ပြေးညီပြည့်စုံမှန်ကန်ညီညွတ်စေရေးလုပ်ငန်းသည် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြစ်သည့်အတွက် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအနေဖြင့် အထူးအလေးထားကြိုးပမ်းဆောင်ရွက်ကြရန်၊ ခရိုင်/မြို့နယ်အလိုက်ပူးပေါင်းအဖွဲ့များစနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ပြီး Road Safety Audit မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်ကြရန်၊ စစ်ဆေးတွေ့ရှိချက်များအပေါ်အခြေခံ၍ လိုအပ်သည့်ပြုပြင်မွမ်းမံမှု၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူမှုများအား သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ပြည့်စုံညီညွတ်မှန်ကန်အောင်ကြိုးပမ်းဆောင်ရွက်ကြရန်၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများသည် လမ်း၏အင်္ဂါရပ်နှင့်အဆင့်အတန်းကိုဖော်ပြနေခြင်းဖြစ်သည့်အတွက် အသစ်ဖြည့်ဆည်းခြင်း၊ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ မြို့ကြီးများတွင်သာမက ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဦးစားပေးနေရာ၊ ဦးစားပေးလမ်းပိုင်းများ ရွေးချယ်သတ်မှတ်ပြီး အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုဘဏ္ဍာငွေများကို ထိရောက်အကျိုးရှိစွာ သုံးစွဲလျက် ပြည်နယ်အတွင်းလမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ လျာထားချက်ပြည့်စုံပြီးမြောက်အောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၎င်းနောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်သွားလာမှုအင်ဂျင်နီယာဌာနခွဲ အင်ဂျင်နီယာမှူးကြီးက ကချင်ပြည်နယ်၏ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသုံးသပ်ဖော်ထုတ်ချက်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှု၊ ကွင်းဆင်းစစ်ဆေးကြီးကြပ်မှုများနှင့် လမ်းညွှန်းလမ်းအမှတ်အသားများရေးဆွဲစိုက်ထူရေးဆိုင်ရာအကြံပြုချက်များကိုလည်းကောင်း၊ ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြည်နယ်အတွင်းလမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆောင်ရွက်ထားရှိမှု၊ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများ၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကိုလည်းကောင်း Power Point Presentation ဖြင့်ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များသုံးသပ်ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် တာဝန်ရှိသူများ၊ Road Safety Audit အဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ ရေးဆွဲစိုက်ထူဆောင်ရွက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို သုံးသပ်အကြံပြုဆွေးနွေးခဲ့ကြသည်။

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေးဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ပြည်ထောင်စုဝန်ကြီးအဆင့် ညှိနှိုင်းအစည်းအဝေးနှစ်ကြိမ်၊ ဗဟိုကြီးကြပ်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး သုံးကြိမ်၊ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့်တိုင်းဒေသကြီး/ပြည်နယ်ဒေသကြီးကြပ်ရေးအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၀ ကြိမ်နှင့် မြေပြင်ကွင်းဆင်းစစ်ဆေးမှုပေါင်း အကြိမ် ၇၀ ကျော်ဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီပြည့်စုံမှန်ကန်ညီညွတ်ရေးလုပ်ငန်းစဉ်များကို တွန်းအားပေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၀)

○ **ရှေ့ဖုံးမှအဆက်**

တတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၇၀၁၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနေကြာများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''မအူပင်မြို့နယ်အတွင်းမှာ ဆောင်းသီးနှံနေကြာ ၁၁၅၄၂ ဧကလျာထားစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးမယ့်နေကြာတွေအထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဌာနကနေ ကူညီဆောင်ရွက်ပေးနေပါတယ်။ နေကြာက မြေအမျိုးအစားပေါ်မူတည်ပြီး အထွက်နှုန်းကွာခြားပါတယ်။ ဒါကြောင့် အထွက်နှုန်းနည်းတဲ့မြေယာတွေကို ပိုမိုထွက်ရှိအောင် စိုက်ပျိုးနိုင်ဖို့ တစ်မြို့နယ်လုံးအနေနဲ့အထွက်တိုးအောင် ခရိုင်နဲ့မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေပူးပေါင်းလုပ်ဆောင်နေပါတယ်'' ဟု ဦးဇော်မင်းထွန်းကပြောသည်။

မအူပင်မြို့နယ်၌ ဆီထွက်သီးနှံနေကြာအထွက်နှုန်းညီစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေသြဇာနှင့် ပိုးသတ်ဆေးအသုံးပြုသည့် နည်းစနစ်များ၊ ရေအသုံးချမှုဆိုင်ရာများ၊ နေကြာမျိုးကောင်းမျိုးသန့်စိုက်ပျိုးမှုများ၊ စိုက်ပျိုးနည်းစနစ်များ စသည့်လုပ်ငန်းများကို အသိပညာပေးဆောင်ရွက်လျက်ရှိပြီး ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို အထောက်အကူပြုစေမည်ဖြစ်သည်။

ထို့ပြင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သူများအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မြော်တွေးလျက် နိုင်ငံအတွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၉

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဒေသထွက်ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်


ဦးတင်ဦး


ဦးတင်အေး


ဦးဝင်းဦး

နေပြည်တော် ဇန်နဝါရီ ၂၉

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့်စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ရှိလျက်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-

**ဦးတင်ဦး (စီးပွားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ ဒေသတွင်းက MSME လုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေကို ပါဝင်ပြသမှာဖြစ်ပါတယ်။ ပြီးတော့ MSME ထုတ်ကုန်ပြိုင်ပွဲမှာလည်း ပါဝင်သွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့လမ်းညွှန်မှုနဲ့အညီ တိုင်းဒေသကြီးကိုယ်စားပြုပြန်ပြသနိုင်ဖို့ ကျွန်တော်ကိုယ်တိုင်ဦးစီးပြီး လုပ်ငန်းတွေဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြခန်းပြင်ဆင်ရေးလုပ်ငန်းတွေကို ဖေဖော်ဝါရီလ ၅ ရက်အမီ ပြီးစီးအောင်ဆောင်ရွက်နေပါတယ်။ ရိုးရာအစားအစာ၊ ဒေသအစားအစာအရောင်းပြခန်းလည်း ပါဝင်မှာဖြစ်ပါတယ်။

ဟသ်ာမောင်နှံ၊ ကမ္ဘောဇသာဒီနန်းတော်စတဲ့ ပဲခူးတိုင်းဒေသကြီးရဲ့အထိမ်းအမှတ်သင်္ကေတတွေနဲ့ပြခန်းကို တိုင်းဒေသကြီးကိုယ်စားပြုဖော်ဆောင်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ ဝါ၊ ဝါး၊ ရော်ဘာ၊ ကော်ဖီ၊ သစ်သီးထုတ်ကုန်တွေနဲ့ပတ်သက်တဲ့ထုတ်ကုန်တွေကို ထည့်သွင်းပြသသွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနဲ့ မွေးမြူရေးက ထွက်ရှိတဲ့ကုန်ကြမ်းကိုအခြေခံတဲ့ထုတ်ကုန်တွေကို တန်ဖိုးမြင့်ထုတ်ကုန်တွေအဖြစ် ပြောင်းလဲပြီး သွင်းကုန်အစားထိုးနဲ့ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးဆောင်ရွက်နေတဲ့ ဒေသက MSME လုပ်ငန်းတွေ၊ MSME တီထွင်ဆန်းသစ်မှုလုပ်ငန်းတွေ၊ စက်မှုလက်မှုနဲ့ ထုတ်ကုန်ပစ္စည်းတွေ ပါဝင်ပြသသွားမှာဖြစ်ပါတယ်။

အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းရှင်တွေအပြင် ဒေသတစ်ခု ထုတ်ကုန်တစ်ခု(One Region One Product) လုပ်ငန်းတွေလည်း ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပြီးတော့ သက်ဆိုင်ရာပြိုင်ပွဲကျင်းပရေးကော်မတီကနေ စံသတ်မှတ်ချက်တွေ သတ်မှတ်ပေးပြီးဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းဒေသကြီးက ခင်းကျင်းပြသမယ့် ထုတ်ကုန်အမျိုးအစားက ၄၄ မျိုးရှိပြီး ပစ္စည်းအမယ်ပေါင်းက ၅၇၀ ကျော်ပါဝင်မှာဖြစ်ပါတယ်။ ဒီလိုပြပွဲတွေ၊ ပြိုင်ပွဲတွေက ကျွန်တော်တို့တိုင်းဒေသကြီးရဲ့ MSME လုပ်ငန်းတွေကို အများကြီးအထောက်အကူပြုပါတယ်။ လာရောက်ရောင်းချတဲ့ လုပ်ငန်းရှင်တွေအနေနဲ့လည်း တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်မိပြီး ဈေးကွက်ကျယ်ပြန့်စွာရရှိစေမှာပဲဖြစ်ပါတယ်။

**ဦးတင်အေး (စီးပွားရေးရာဝန်ကြီး၊ ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့)**

ကျွန်တော်တို့ ရေဝတီတိုင်းဒေသကြီးအနေနဲ့ တိုင်းဒေသကြီးရဲ့ထုတ်ကုန်တွေဖြစ်တဲ့ ပုသိမ်ထီး၊ ပုသိမ်ဟလဝါ၊ ကြိမ်၊ ဝါး၊ ဖေဒါ လက်မှုထုတ်ကုန်တွေနဲ့ ဓာတုကင်းလွတ်ရေဝတီပေါ်ဆန်းဆန်ကို အထူးထုတ်ကုန်အနေနဲ့ ပြသသွားမှာဖြစ်ပါတယ်။ (One Region One Product -OROP) ဒေသတစ်ခုထုတ်ကုန်တစ်ခုအနေနဲ့ရေကြည်မြို့နယ်မှာ ဓာတုကင်းလွတ်ရေဝတီပေါ်ဆန်းဆန်ကို ထုတ်လုပ်နေပါတယ်။ ကျုံပျော်မြို့နယ်မှာ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ထုတ်တဲ့ ပီလေဘီနံ့စိုက်ခင်းရှိပြီး ထုတ်လုပ်နေပါတယ်။ မအူပင်မြို့နယ်မှာ သားငါးမွေးမြူထုတ်လုပ်မှုတွေ၊ ဖျာပုံမြို့နယ်မှာ ပြည်ပတင်ပို့မှုအတွက် ပေါင်းဆန်လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ လပွတ္တာမြို့နယ်မှာ ကဏန်းပျော့လုပ်ငန်းကို OROP အနေနဲ့ ထုတ်လုပ်နေတာတွေ ရှိပါတယ်။

ဒီပြပွဲပြိုင်ပွဲတွေက တိုင်းဒေသကြီးရဲ့ MSME လုပ်ငန်းတွေကို များစွာအထောက်အကူပြုပြီး ဖွံ့ဖြိုးတိုးတက်လာစေမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေက တစ်နိုင်ငံလုံးက လုပ်ငန်းရှင်တွေနဲ့တွေ့ဆုံရတဲ့အတွက် အတွေးသစ်၊ အမြင်သစ်တွေ ရရှိလာမယ်။ သူတို့ရဲ့ ကုန်ထုတ်လုပ်ငန်းတွေကို ဘယ်လောက်အထိ စွမ်းအားမြင့်ထုတ်လုပ်နိုင်မယ်ဆိုတဲ့ နည်းပညာအသစ်အဆန်းတွေ တွေ့လာမယ်၊ အခြားတိုင်းနဲ့ပြည်နယ်က စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းတွေကို တွေ့မြင်လာပြီး အတုယူဆောင်ရွက်နိုင်လာမယ်။ အထူးသဖြင့် ဈေးကွက်အသစ်တွေ ထပ်မံရရှိလာပြီး အချင်းချင်းပေါင်းစပ်ဖလှယ်နိုင်တဲ့အတွက် တိုင်းဒေသကြီးရဲ့ MSME လုပ်ငန်းတွေက ဒီပြပွဲပြိုင်ပွဲကြောင့် တိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းဒေသကြီးပြခန်းမှာ ပုသိမ်စက်မှုဇုန်ကဖန်တီးထုတ်လုပ်ထားတဲ့ လက်ဆွဲကောက်စိုက်စက်တွေ၊ ပန်းတနော်မြို့နယ်က ထုတ်လုပ်ထားတဲ့ ခြွေလှေ့စက်တွေ၊ ဖျာပုံမြို့နယ်က အစေ့ချစက်တွေကိုလည်း ပြသရောင်းချသွားမှာဖြစ်ပါတယ်။ MSME လုပ်ငန်းတွေက တစ်နိုင်ငံလုံးမှာ ပျံ့နှံ့တည်ရှိနေပြီး သူ့ဒေသ၊ ကိုယ့်ဒေသ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ နိုင်ငံတော်က အခုလိုစေတနာထားပြီး တစ်နိုင်ငံလုံးက MSME လုပ်ငန်း တွေကို စုစည်းပြီးပြသလိုက်တဲ့အခါ လုပ်ငန်းရှင်အချင်းချင်း နီးစပ်သွားတယ်။ တစ်ဦးနဲ့တစ်ဦးအမြင်ချင်းဖလှယ်၊ အသိချင်းဖလှယ်ပြီး ဆောင်ရွက်နိုင်တဲ့အတွက် MSME လုပ်ငန်းကဏ္ဍတစ်ခုလုံး များစွာအကျိုးကျေးဇူးရရှိသွားမှာဖြစ်ပါတယ်။

**ဦးဝင်းဦး(ညွှန်ကြားရေးမှူး၊ နေပြည်တော်ကောင်စီ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)**

ကျွန်တော်က ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ခြင်းနဲ့ ဖျော်ဖြေရေးဆပ်ကော်မတီရဲ့တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ရပါတယ်။ ဖွင့်ပွဲနေ့အပါအဝင် ပိတ်ပွဲနဲ့ဆုချီးမြှင့်ပွဲတွေပါဝင်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့တစ်လလောက်ကတည်းက ကြိုတင်ပြင်ဆင်နေတာ အခုဆိုရင် ၇၅ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ နေပြည်တော်ကောင်စီအနေနဲ့ အဓိကအားဖြင့် ပြည်တွင်းကုန်ကြမ်းကိုအခြေခံပြီး ထုတ်လုပ်တဲ့ ထုတ်ကုန်တွေ၊ သွင်းကုန်အစားထိုးလုပ်ငန်းတွေ၊ ပြည်ပတင်ပို့နေတဲ့ လုပ်ငန်းတွေ၊ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံတဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ (One Region One Product -OROP) ဒေသတစ်ခု ထုတ်ကုန်တစ်ခုစတာတွေကို အခြေခံပြီး ပြသသွားမှာဖြစ်ပါတယ်။ လုပ်ငန်းရှင် ၅၃ ဦးက ထုတ်ကုန်အမယ် ၂၀၀ ကျော်၊ ၃၀၀ နီးပါး ပါဝင်ပြသရောင်းချမှာဖြစ်ပါတယ်။ တပေါင်းကွင်းမှာ လာမယ့် ဖေဖော်ဝါရီလ ၈ရက်အမီ အကြိုလေ့ကျင့်ခင်းကျင်းမှာဖြစ်ပါတယ်။ နေပြည်တော်အနေနဲ့ ထူးခြားမှုက အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာမရှိသေးတဲ့ စပါးမျိုးစေ့တွေပြသမယ်။ လယ်ယာသုံးစက်ကိရိယာတွေကို တီထွင်ဆန်းသစ်မှုအနေနဲ့ မျိုးစေ့ချစက်တွေကို နေပြည်တော်လယ်ဝေးမှာ ထုတ်လုပ်နေတာဖြစ်ပြီး ဒါတွေကို ဒီပွဲမှာခင်းကျင်းပြသမှာဖြစ်ပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြား စီစဉ်ထားတာက ပရိသတ်ကို ဆွဲဆောင်မှုအနေနဲ့ ညနေပိုင်းဖျော်ဖြေရေးအစီအစဉ်တွေမှာ နေ့စဉ်နာမည်ကျော်အနုပညာရှင် တစ်ဦးစီက တေးဂီတအဖွဲ့တွေနဲ့တွဲဖက်သီဆိုဖျော်ဖြေမှာဖြစ်ပါတယ်။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲအတွက်ရည်ရွယ်ပြီး MSME နဲ့ သက်ဆိုင်တဲ့ အနှစ်သာရတွေ ပါဝင်တဲ့ သီချင်းအသစ်ရေးစပ်ထားပြီး ဒီသီချင်းကို အကအလှတွေနဲ့ တွဲဖက်ဖျော်ဖြေတင်ဆက်မှာဖြစ်ပါတယ်။ MSME ပြပွဲပြိုင်ပွဲမှာ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေကစုစည်းလာရောက်ကြမယ်။ ကုမ္ပဏီတွေလည်းပါမယ်၊ အသင်းအဖွဲ့တွေလည်း ပါဝင်မယ်။ Business Matching တွေလည်း ပါဝင်တဲ့အတွက် တစ်ဦးနဲ့တစ်ဦး ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်လာမယ်။ ဒါ့အပြင် ပြည်သူတွေ မသိသေးတဲ့အမယ်သစ်တွေကိုဈေးကွက်အတွင်းမိတ်ဆက်ထိုးဖောက်နိုင်လာမယ့် စတဲ့စီးပွားရေးအခွင့်အလမ်းတွေကိုလည်း ရရှိလာမှာဖြစ်ပါတယ်။

ဝင်းဝင်းမင်း
ဓာတ်ပုံ-ဖိုးပြည့်စုံ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၀ | ၃၂၄၅ | ၃၂၁၀ | ၃၁၄၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၈၅ | ၃၂၀၀ | ၄၅၀၅ | ၃၄၉၅ | ၃၂၂၀ | ၃၂၂၀ | ၃၂၉၀ | ၃၂၅၅ | ၃၂၇၅ | ၃၅၃၅ | ၄၁၀၀ |
| 95 Ron | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၅၆၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၆၅ | ၂၉၈၀ | ၂၉၄၅ | ၂၈၀၀ | ၂၉၈၅ | ၃၀၀၀ | ၃၀၁၅ | ၂၉၃၅ | - | ၃၂၃၀ | ၂၉၅၅ | ၂၉၅၅ | ၃၀၂၅ | ၂၉၉၀ | ၃၀၁၀ | ၃၂၇၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | ၄၈၃၀ | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |
| HSD (10 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | - | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၅၇ | ၃၀၅၀ |
| 95 Ron | ၃၀၂၅ | ၃၁၁၉ |
| HSD (500 ppm) | ၂၇၀၀ | ၂၇၈၃ |
| HSD (50 ppm) | ၃၃၃၇ | ၃၄၃၃ |
| HSD (10 ppm) | ၃၃၃၇ | ၃၄၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။


(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၃၀၁၂၈၂၊ ၀၉-၇၇၅၂၈၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# (၄၂)ကြိမ်မြောက် မုဒုံမြို့လုံးဆိုင်ရာဂိုဏ်းပေါင်းစုံ မွန်/ မြန်မာဝိနယာနုဂ္ဂဟ စာတော်ပြန်ရေးဖြေပွဲကြီးကျင်းပ



မုဒုံ ဇန်နဝါရီ ၂၉

မွန်ပြည်နယ် မုဒုံမြို့နယ်တွင်(၄၂)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံကျောင်းထိုင်ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော မွန်/ မြန်မာ ဝိနယာနုဂ္ဂဟစာတော်ပြန်ရေးဖြေပွဲကြီးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ဓမ္မရာဇိန်ကျောင်းတိုက်ဓမ္မာရုံ၌ ပြုလုပ်သည်။

ရှေးဦးစွာ ဩဝါဒဆရာတော်ကြီးများ၊ နာယကကြီးကြပ်ရေး ဆရာတော်ကြီးများနှင့် ကျောင်းထိုင်နာယက ဆရာတော်ကြီးများက စာမေးပွဲဆိုင်ရာအဆင့်အတန်းများနှင့် စည်းမျဉ်းစည်းကမ်းများကို မြွက်ကြားတော်မူသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ရှင်သာမဏေ၊ သီလရှင်စုစုပေါင်း ၄၈၆ ပါးတို့က ရှင်ကျင့်ဝတ်နှင့် ဓမ္မပဒအာဂုံပြန်ဖြေဆိုခြင်း၊ ရဟန်းသံဃာတော် ၆၃ ပါးတို့က ဘိက္ခုပါတိမောက်ဘာသာ၊ ဒွေမာတိကာဘာသာနှင့် ရှင်ကျင့်ဝတ်ဘာသာရပ်များ ရေးဖြေခြင်းတို့ကို သုံးရက်ကြာဖြေဆိုသွားကြမည်ဖြစ်သည်။

အဆိုပါ စာတော်ပြန်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဩဝါဒဆရာတော်ကြီးများက ကြီးကြပ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် ဒါယကာများက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပြီး နေ့စဉ်ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(၄ဝ၆)







**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ်၊ ကျုံမငဲ့ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**







❑ **ရှေ့ဖုံးမှအဆက်**

ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၄ ဦး၊ ခွဲစိတ်ရောဂါ ၁၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၅၃ ဦး၊ အရိုးရောဂါ ၆၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါ ၇၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၆ ဦး၊ မျက်စိလူနာ ၆ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၃ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

မျက်စိလည်း မကောင်းဘူး။ သွားတွေလည်း မကောင်းဘူး။ အဲဒါနဲ့လာပြတာပါ။ ဆရာဝန်တွေက အခမဲ့ဆေးလာကုပေးမယ်ဆိုတော့ ဝမ်းသာတာပေါ့။ လာမယ်ဆိုပြီး သတင်းကြားလိုက်ကတည်းက ပြမယ်ဆိုပြီး တကဲကဲလုပ်နေတာပါ။ အခုက အစစအရာရာ အဆင်ပြေတယ်လေ။ ကိုယ့်ရပ်ရွာနဲ့ နီးနီးနားနားလာကုတော့ ကုန်းကြောင်းလာလို့ရတယ်။ အိမ်တိုင်ရာရောက်လာရောက်ကုသပေးသလိုပဲ အားလုံးရဲ့ကိုယ်စား အထူးပဲကျေးဇူးတင်ပါတယ်” ဟုပြောသည်။

“လေဖြတ်တဲ့အတွက်ကြောင့် အကြောတွေတက်တယ်၊ အကြောတွေဆိုင်းတယ်၊ မျက်စိတွေမှုန်တာသုံးနှစ်၊ လေးနှစ်လောက်ဖြစ်နေတာ ဘာမှမလုပ်နိုင်ဘူး။ အပြင်ဆေးခန်းမှာ တစ်လတစ်ခါပြနေရပါတယ်။ အပြင်မှာပြရင် ပိုက်ဆံလည်းတော်တော်ပေးရပါတယ်။ ဒီမှာလာပြတော့ အခကြေးငွေမပေးရတဲ့အတွက် အရမ်းအဆင်ပြေပါတယ်။ အခက်အခဲအနေနဲ့ကတော့ မထနိုင်မစားနိုင်ဖြစ်နေတာပါ။ အခုလို အခမဲ့နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆရာဝန်၊ ဆရာမများကို အထူးပဲကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲများကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်”ဟုပြောသည်။ (ဘဝဝ)

# ကြံခင်းမြို့ မြို့မစည်ပင်သာယာဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကြံခင်း ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ မီးဘေးအန္တရာယ် မကျရောက်စေရန်နှင့် ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်းကာ ယနေ့ နံနက်ပိုင်းတွင် မြို့မစည်ပင်သာယာဈေးကြီးသို့သွားရောက်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေအား ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးမြင့်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်စာရေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဈေးကြီးအတွင်းရှိ မီးချိတ်မီးကပ်များ၊ သဲပုံး၊ ရေပုံးနှင့် ရေလှောင်ကန်များအား ကြည့်ရှုစစ်ဆေးပြီး ကုန်စုံဆိုင်ခန်းများ၊ စက်ချုပ်ဆိုင်ခန်းများ၊ အထည်ဆိုင်များ၌ မီးသုံးစွဲမှုအခြေအနေများ၊ ဈေးဆိုင်ခန်းများရှိ မီးသတ်ဆေးဘူးများအရေးပေါ်သုံးစွဲနိုင်မှုသက်တမ်း ရှိ/မရှိ၊ ဝိုင်ယာကြိုးများ ပေါက်ပြဲဆွေးမြည့်နေမှု ရှိ/မရှိ စသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ အလားတူ ဘက်ရဲမြို့မဈေး၌ ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် ပူးပေါင်းအဖွဲ့တို့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဖြိုးဝေလင်း



# စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) နဝမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာနှင့် ပထမအကြိမ် မွေးမြူရေးဒီပလိုမာအောင်လက်မှတ်အပ်နှင်း





နေပြည်တော် ဇန်နဝါရီ ၂၉

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) နဝမအကြိမ် စိုက်ပျိုးရေးဒီပလိုမာနှင့် ပထမအကြိမ် မွေးမြူရေးဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ရွှေရောင်ခြည် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ ပညာသင်ကာလတစ်လျှောက် စာတွေ့လက်တွေ့ လေ့လာသင်ယူခဲ့ကြသည့် စိုက်ပျိုးမွေးမြူရေးပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ အသုံးချသွားကြရန်၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် မိမိကိုယ်ပိုင်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သွားရန် ရည်ရွယ်ချက်ရှိပါကလည်း သက်ဆိုင်ရာလုပ်ငန်းခွင်အလိုက် တိုးတက်အောင်မြင်အောင်ကြိုးပမ်းပြီး နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးနှင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ကြိုးပမ်းသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)နှင့် (ရွှေဘို) ကျောင်းများတွင် ပထမနှစ်မှ တတိယနှစ် အထိတန်းစဉ်ပေါင်း ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး ဧည့်သည်တော်များ၊ ကျောင်းဆင်းမောင်မယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းဆင်းမောင်မယ်များအား စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာ အောင်လက်မှတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ဇေယျာသီရိမြို့နယ်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ တက်ရောက်သည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲများတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးမွေးမြူရေးပညာရှင် လူ့အရင်းအမြစ်တိုးပွားရေး လိုအပ်ချက်ကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန် အောက်မြန်မာပြည်တွင်လည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ ထူးချွန်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ်များအဖြစ် တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်နိုင်ကြစေရေး အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) အပါအဝင်တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း ၁၅ ကျောင်းမှ နှစ်စဉ်နိုင်ငံတော်အတွက် လိုအပ်သော အလယ်အလတ်အဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးလျက်ရှိရာ ယနေ့အထိ စိုက်ပျိုးရေးဒီပလိုမာ လက်မှတ်ရ ၂၆၄၁၄ ဦးနှင့် မွေးမြူရေးဒီပလိုမာလက်မှတ်ရ ၄၆၅ ဦး စုစုပေါင်း ၂၆၈၇၉ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ဖွဲ့နုဆီနှင့်စားသုံးဆီထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)တည်ဆောက်ရေး လုပ်ငန်းခွင်ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ဆန်စက်ဝင်းအတွင်း၌ တည်ဆောက်နေသည့် Myanmar Rice Bran Oil Co.,ltd. ဖွဲ့နုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဖွဲ့နုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ရုံးခန်းအတွင်း၌ တာဝန်ရှိသူများက ဖွဲ့နုဆီစက် တည်ဆောက်ရေးလုပ်ငန်းများ၊ တည်ဆောက်ပြီးစီးပါက လုပ်ငန်းလည်ပတ်မည့်အခြေအနေများ၊ ဆီထုတ်လုပ်နိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ကုန်ကြမ်းများ လုံလောက်စွာရရှိရေး၊ ပြည်တွင်း၌ စားသုံးဆီဖူလုံရေးနှင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ




နေပြည်တော် ဇန်နဝါရီ ၂၉

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်က ပြုလုပ်ခဲ့သည့် ဘယ်လာရုစ်သမ္မတ ရွေးကောက်ပွဲသို့ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့အဖြစ်သွားရောက်လေ့လာခဲ့ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် ဦးမြင့်သိန်းတို့သည် ဇန်နဝါရီလ ၂၁ ရက်မှ ၂၅ ရက်အထိပြုလုပ်သည့် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကိုလေ့လာခဲ့ပြီး ဇန်နဝါရီလ ၂၄ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Mr. Igor Karpenko နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့ပြင်ကိုယ်စားလှယ်အဖွဲ့သည်ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုသတင်းအချက်အလက်နှင့် လေ့လာစောင့်ကြည့်ရေးစင်တာဖွင့်ပွဲနှင့် ဗဟိုရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်သည့် သတင်းစာရှင်းလင်းပွဲများသို့ တက်ရောက်ခဲ့ပြီး ရွေးကောက်ပွဲနေ့တွင် မဲရုံများသို့သွားရောက်၍ မဲပေးခြင်းလုပ်ငန်းစဉ်များ စောင့်ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူပေါင်း ၄၈၆ ဦး တက်ရောက်လေ့လာခဲ့ကြပြီး ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ H.E. Mr. Aleksandr Lukashenko က ခိုင်လုံမဲ ၈၆ ဒသမ ၈၂ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် မြန်မာလေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၉˚C | / | ၃၂˚C |
| ရန်ကုန် | ၂၂˚C | / | ၃၂˚C |
| မန္တလေး | ၁၈˚C | / | ၃၃˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ မြို့နယ်ပညာရေးစုံညီပွဲတော်ကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများက နမ့်စန်မြို့နယ် ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ မြို့နယ်ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြို့နယ်ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာ/ မြန်မာ့သိုင်း/ ပန်းဖွားအကဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်၊ ထို့နောက်ကျောင်းသား၊ ကျောင်းသူများက ကျောင်းခန်းမ၌ "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းမှူးက ဂုဏ်ပြုအားပေးစကားပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ မြန်မာ့ရိုးရာနှင့်ခေတ်ပေါ်တေးသီချင်းများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ပညာရေးစုံညီပွဲတော်အတွက် ချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းအုပ်ကြီးကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများတွင်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏တီထွင်ပြုလုပ်ထားသော စက်မှု၊ လက်မှုလက်ရာများ၊ သင်ထောက်ကူပစ္စည်းပြခန်းများနှင့် သိပ္ပံပြခန်းများတွင် လက်တွေ့ပြသနေမှုများကို လိုက်လံ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် စုပေါင်းကန်တော့ခြင်းနှင့် နှစ်သစ်ကူးမင်္ဂလာအခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတက်ရောက်



ဘားအံ ဇန်နဝါရီ ၂၉

၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် စုပေါင်းကန်တော့ခြင်းနှင့် နှစ်သစ်ကူးမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဘားအံမြို့ အမှတ်(၁) ရပ်ကွက်ရှိ ဘားအံကျန့်တိတ်ဗုဒ္ဓဘာသာဘုရားကျောင်း၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

ဦးစွာ နှစ်သစ်ကူးမင်္ဂလာအခမ်းအနားသို့ တက်ရောက်လာသော ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများအား ဘုံကျောင်းတာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုကြပြီး တရုတ်ရိုးရာနှစ်သစ်ကူးပဝါများဖြင့် ဂါရဝပြုကြကာ ဘားအံကျန့်တိတ်ဗုဒ္ဓဘာသာဘုံကျောင်းရှိ ဗုဒ္ဓရုပ်ပွားတော်၊ မိုးနတ်မင်း၊ ကျန်းမာရေးနတ်မင်း၊ ကျန့်တိတ်ကျောင်းထိုင်နတ်မင်း၊ ကွမ်းကုန်းနတ်မင်း၊ ကွမ်ယင်မယ်တော်၊ အန်းကုန်း၊ ကွမ်ကုန်းနတ်မင်း၊ ကျိုကုန်းနတ်မင်း အစရှိသောနတ်မင်းအပေါင်းတို့အား နှစ်သစ်မင်္ဂလာစုပေါင်းကန်တော့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘားအံကျန့်တိတ်ဘုံကျောင်း မင်္ဂလာနဂါးခိုင်းကွမ်းမင်္ဂလာပြုလုပ်ခြင်းအား ကြည့်ရှုအားပေးခဲ့ကြပြီး တရုတ်ရိုးရာနဂါးအကအလှနှင့်ခြင်္သေ့အကအလှတို့ဖြင့် စွမ်းရည်ပြသဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက နှစ်သစ်ကူးအံပေါင်းများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကျန့်တိတ်ဘုံကျောင်းအတွက် ငွေကျပ် ၁၀ သိန်းနှင့် နှစ်သစ်ကူးအထိမ်းအမှတ် လက်ဆောင်များအား ဘုံကျောင်းတာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်ရာ ဘုံကျောင်းတာဝန်ရှိသူများက နှစ်သစ်ကူးအထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်အဖွဲ့ဝင်များ၊ ဘုံကျောင်းတာဝန်ရှိသူများ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများတက်ရောက်ခဲ့ကြပြီး တရုတ်မြွေနှစ် နှစ်သစ်ကူးအထိမ်းအမှတ်စုပေါင်းကန်တော့ခြင်းနှင့် နှစ်သစ်ကူးမင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်းသတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အသည်းအစားထိုးခွဲစိတ်ကုသမှု (ဒုတိယနေ့)ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၉

တပ်မတော်တွင် အဋ္ဌမအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်ခဲ့သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာ ဦးညီညီနှင့် အသည်းအလှူရှင် ဦးထွန်းထွန်းလင်းတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့်အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှတာဝန်ရှိသူ အရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အသည်းအစားထိုးခွဲစိတ်ကုသမှု(ဒုတိယနေ့)ဆောင်ရွက်စဉ်။

# မိတ္ထီလာခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် စမုံရေထုတ်ပြွန် ပြန်လည်ပြင်ဆင်နေမှုများ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဇန်နဝါရီလ ၂၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် တဘက္ကာကျေးရွာရှိ စီပင်စိုက်ပျိုးရေးသုတေသနခြံတွင် နေကြာမျိုးသန့်စိုက်ပျိုးထားရှိသည့် ဆင်းရွှေကြာ-၂ ဧက ၄၀ စိုက်ကွင်းကိုကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းစားသုံးဆီဖူလုံပိုလျှံစေရေးအတွက် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းသည့် နေကြာမျိုးကောင်းမျိုးသန့်များ ပိုမိုစိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး အကြံပြုဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့်ဒုတိယဝန်ကြီးသည်မိတ္ထီလာတောင်ကန်ဥယျာဉ်မြောင်း ရေသောက်စနစ်အတွင်း နွေစပါးဧက ၅၀ နှင့် နွေနှမ်းဧက ၅၀ စိုက်ပျိုးမည့်နေရာ၌ ပေါင်ကြီးတင်စနစ်ဖြင့်စိုက်ပျိုးနိုင်ရန် အမှတ်(၂၅) စက်မှုလယ်ယာစခန်းတာဝန်ရှိသူများ၏ ပေါင်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိတ္ထီလာမြောက်ကန် ရေသောက်စနစ်ကောက်ကွေ့တောမြောင်းတွင်နွေနှမ်း ဧက ၁၀၀ စိုက်ပျိုးမည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး အပင်ဖြစ်ထွန်း ကောင်းမွန်ရေးအတွက် လိုအပ်သောသွင်းအားစုများနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး စသည့်လယ်ယာကဏ္ဍဆိုင်ရာ ကွင်းဆက်တစ်လျှောက်၌ သက်ဆိုင်ရာဦးစီးဌာနများက တောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့်လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများကိုတွေ့ဆုံ၍ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ မွေးမြူရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အထူးအားထည့်လုပ်ဆောင်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စမုံရေထုတ်ပြွန်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ စမုံချောင်း ရေလွှဲမြောင်းဖောက်လုပ်ခြင်းနှင့် စမုံရေထုတ်ပြွန်အောက်ပိုင်းရှိ ရေသောက်ဧရိယာ ဧက ၂၀၀၀၀ ကျော်ခန့်အား ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် ရေပေးဝေရန်အတွက် ယာယီရေပေးမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စက်ကိရိယာယာဉ်ယန္တရားများ လုံလောက်မှုရှိစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးတို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Over 1,500 acres of winter sunflower cultivate in Paungde Township

PAUNGDE January 29

A total of 1,598 acres of winter sunflowers have been successfully cultivated in Paungde Township, Bago Region, this cold season, according to the Departments of Survey and Agriculture.

To support farmers, the Township Agriculture Supervision Committee provided high-quality seeds and guidance on proper planting techniques to help increase yields. Efforts are also underway to address other agricultural challenges. The Agriculture Supervision Committee, in collaboration with farmers, is aiming to achieve a target yield of 50 baskets per acre, with nearly 100 percent success in sunflower planting so far.

In addition to sunflowers, Paungde Township has planted 10,396 acres of sesame, including the 1,598 acres of sunflowers and 7,200 acres of peanuts this winter. If the yield of oilseed crops continues to improve, it will help ensure local edible oil security and reduce the need to import oil from abroad. Furthermore, by selling oilseed crops, farmers will be able to boost their income and improve their socio-economic conditions.



The Chairman of the Township Administration Body has urged farmers and members of village tract agricultural supervision committee to collaborate and expand oilseed crop cultivation every year.

SMK

# Many travellers take relaxation at Moeyungyi Wildlife Sanctuary



MOEYUNGYU January 29

"Travellers took relaxation at Moeyungyi Wildlife Sanctuary," said Daw Thin Thin Yu, warden of the sanctuary.

"Moeyungyi has arranged observation for the visitors and relaxation. Most of the travellers came from Yangon and Bago. We have recorded 12 species of water birds and migratory birds. We are conserving the rare bird species such as red head cranes," the warden explained.

The sanctuary is located 42 miles from Bago, beside Yangon-Mandalay highway. As it is a wetland, large trees cannot be seen in the sanctuary.

Moeyungyi Wildlife Sanctuary is located on 15,600 acres of land. The Forest Department leased a 360 acres of land to Shwe Pyi Aye Co in a long term contract. The company gives services to the people to take relaxation and enjoy lotuses and water birds.

Moeyungyi Lake attracted local and foreign travellers, amounting for more than 80,000 travellers per year. Tourists and local bird watchers pay visits to the lake.

Critically endangered bird species can be seen at Indawgyi and Inlay lakes as well as Moeyungyi Lake in Bago Region. Currently, a total of 172 species of water birds and migratory birds inhabit at Moeyungyi Wildlife Sanctuary.

SK

# More than 10,000 acres of groundnut plant in YeU Township

YeU January 29

Statistics of YeU District Agriculture Department mentioned that a total of 10,248 acres of groundnut has been planted in YeU Township of Sagaing Region.

In 2024-2025 winter, local authorities earmarked 7,066 acres of groundnut in YeU Township but local farmers have so far planted 10,248 acres of groundnut exceeding the target cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department said: "Local farmers have planted more than 10,000 acres of groundnut exceeding the target cultivation of over 7,000 acres. At present, groundnut plantations are thriving in the croplands with potentials for having success in oil crops. Sown acreage of groundnut is on the rise yearly."

Farmers need to use 1.5 baskets of groundnut seeds per acre and cost more than Ks-200,000 per acre for seeds of crops, labour charge, fertilizers, pesticides and others. But, the crops yield more than 50 baskets per acre.

This year, officials of the township Agriculture Department help local farmers boost per-acre yield of groundnut and prevent pests.

SK

# Myaungmya Township finishes cultivation of more than 4,000 acres of winter paddy

MYAUNGMYA January 29

"A total of 4,520 acres of paddy has been planted in Myaungmya Township of Ayeyawady Region," said Daw Khin Htay Myint, Head of Myaungmya District Agriculture Department.

Township authorities earmarked 113,115 acres of paddy as cold season crops in Myaungmya Township this year but farmers have planted 4,520 acres of paddy from the first week of October last year. Officials of the Township Agriculture Department, Township Administration Body, relevant departments and local farmers are joining hands in growing summer paddy without difficulties.

Daw Khin Htay Myint disclosed: "Departmental officials and local farmers are trying their best to grow summer paddy to meet the target cultivation. Officials manage supply of water to the farmlands in summer. Moreover, officials raise farmer awareness to grow paddy with high yield with the use of quality strains of paddy."

Local farmers prefer to grow 90-day, Theehtetyin, Thai Baygya and 75-day paddy strains in winter. Officials of the Township Agriculture Department will provide necessary assistance for producing quality strains of paddy, boosting per-acre yield of crops, and preventing for farmers.

SK

# Mongnai Township plants over 900 acres of vegetables



MONGNAI January 29

A total of 937 acres of vegetables have been planted this winter crop season in Mongnai Township, Namhsan District, Shan State (South).

The Township Agriculture Department is actively conducting field inspections and providing necessary support to farmers. They are promoting the use of Good Agricultural Practices (GAP) to cultivate vegetables such as mustard greens, radishes, lettuce, coriander, chilies, coffee, and potatoes. This approach helps minimize chemical residues and ensures that the crops are grown healthily.

In Mongnai Township, various vegetables are grown each year according to the season, and the crops are thriving. The Township Agriculture Department emphasized the need to expand vegetable cultivation to increase yields, meet market demand, and improve the socio-economic conditions of the community.

**SK**

# Tamu District plants over 5,000 acres of winter kidney beans

TAMU January 29

A total of 5,219 acres of kidney beans have been planted during this year's winter crops planting season in Tamu District, Sagaing Region, according to statistics from the Department of Agriculture for Tamu District.

During the 2024-2025 winter crops planting season, 4,295 acres of kidney beans are planned to be planted in Tamu District, and since October last year, 5,219 acres have been planted.

"To improve the yield and quality of kidney beans, we are cooperating with farmers to provide good varieties, inputs, and post-harvest technology," said U Hla Myint, head of Department of Agriculture for Tamu District.

In Tamu District, the cultivation of kidney beans by townships is as per following: 1,050 acres in Myothit Township, 3,157 acres in Tamu Township, and 1,012 acres in Khampat Township, totalling 5,219 acres.

During the 2024-2025 winter crops planting season in Tamu District, the cultivation of kidney beans earmarked by townships is as per following: 1,000 acres in Myothit Township, in Tamu Township, and 1,000 acres in Khampat Township, totalling 4,295 acres.

**SK**

# Kyunhla Township plants over 14,000 acres of winter groundnuts



KYUNHLA January 29

A total of 14,239 acres of groundnuts have been planted during this year's winter crops planting season in Kyunhla Township, Kanbalu District, Sagaing Region, according to statistics from the Department of Agriculture for Kyunhla Township.

During the 2024-2025 winter crops planting season, 13,896 acres of groundnuts are planned to be planted in Kyunhla Township, and since October this year, 14,239 acres have been planted.

"Currently, we have planted more than the allotted acres for groundnut cultivation. As an oilseed crop, it is in a successful position. Groundnut cultivation is improving year by year. Groundnuts are mostly planted in winter season rather than in rainy season," said Daw Myint Myint Yee, head of the Department of Agriculture for Kyunhla Township.

In Kyunhla Township, one acre of groundnuts is planted with half a basket of seeds, and it is reported that it cost more than Ks-200,000 including the cost of seeds, labor costs, fertilizer and pesticide costs, and if one acre is planted, it yields more than 50 baskets.

**SMK**

# Farmers reap more than 3,000 acres of pigeon in Kanbalu Township

KANBALU January 29

Statistics of Kanbalu Township Agriculture Department stated that a total of 3,636 acres of pigeon has been harvested in Kanbalu Township of Sagaing Region.

They planted 115,660 acres of pigeon pea as monsoon crops in Kanbalu Township. They started harvesting of crops in December 2024. So far, they have harvested 3,636 acres of pigeon pea, yielding 15.21 baskets of crops per acre.

U Myo Zaw, Head of Kanbalu Township Agriculture Department said: "Farmers are harvesting monsoon pigeon pea on more than 115,000 acres of croplands, and so far, they have harvested 3,636 acres of crops. Our department helped local farmers in growing pigeon pea as mixed crops and separate crops to increase per-acre yield of crops."

This year, officials of the Township Agriculture Department disseminated agricultural knowledge to local farmers for selecting quality strains of crops, using agricultural techniques, prevention of pests and efforts for boosting per-acre yield.

Kanbalu Township Agriculture Department shares techniques of making natural fertilizers and pesticides with the use of naturally raw materials with local farmers to grow pigeon pea by cutting agricultural costs.

**SK**

# Mingin Township harvests more than 2,000 acres of pigeon pea

MINGIN January 29

A total of 2,275 acres of pigeon pea has been harvested in Mingin Township of Sagaing Region, according to the statistics of Mingin Township Agriculture Department.

Local farmers planted 2,275 acres of pigeon pea in monsoon of 2024-2025. They started harvesting of crops in December 2024. So far, they have reaped 2,275 acres of crops, yielding 16.24 baskets of pigeon pea per acre.

Daw Hayman Kyaw Win, Head of Mingin Township Agriculture Department clarified: "Currently, local farmers have harvested all 2,275 acres of pigeon peas in the township. They exceeded the target cultivation. Our department helped local farmers grow crops with agricultural techniques for boosting per-acre yield of crops. Local farmers grow pigeon pea as mixed cropping pattern as well as separate crops."

This year, officials of the Township Agriculture Department raised farmer awareness to select quality strains of crops, good agricultural techniques, prevent pests and strive for boosting per-acre yield of crops.

Officials of the department give training to local farmers for making natural fertilizers and pesticides with the use of raw materials in order to reduce costs for croplands.

**SMK**

# At least 39 dead in northern India's stampede

NEW DELHI January 29

At least 39 people died in a stampede which occurred in India's northern state of Uttar Pradesh during the early hours of Wednesday, according to local news TV channel Aajtak.

The official death toll and the number of injured people were expected to be announced soon, the report said.

The stampede occurred in Prayagraj district where around 100 million people gathered to take a holy dip in the confluence of three rivers, namely Ganga, Yamuna and Saraswati, on the pious day of "Mauni Amavasya."

Wednesday was one of the special days during the ongoing 45-day religious and spiritual congregation called "Maha Kumbh" for the Hindu devotees to take the holy dip.

According to Hindu beliefs, on this day, a sacred bathe in the water is considered good luck due to a rare celestial alignment that occurs only once every 144 years.

The stampede occurred at night, at approximately 1am local time, but the reason remains unclear. Drone footage captured the massive crowd, with millions of people packed shoulder to shoulder, arriving in the pre-dawn hours to step into the water at the confluence of the Ganga, Yamuna, and Saraswati rivers.

Eyewitnesses at the festival told media outlets that the attendees had started falling on each other when there was a huge push near the confluence of the three rivers.

Uttar Pradesh Chief Minister Yogi Adityanath has been directed by Prime Minister Narendra Modi to normalize the situation and provide relief, according to ANI news agency. Modi has offered his condolences to the families of the victims and said the local administration has engaged in helping "in every possible way." Adityanath has urged devotees to take a dip at the nearest riverbank instead of attempting to reach the confluence.

**Xinhua,Izvestia**

# Speedboat sinks off North Kalimantan in Indonesia, leaving 4 dead, 4 missing

JAKARTA January 29

A speedboat carrying 16 people sank in the waters off Indonesia's North Kalimantan Province, a senior local rescuer said on Wednesday.

The speedboat went down near the waters of Sei Menggaris sub-district in Nunukan regency at midday on Wednesday after departing from a seaport in Nunukan city, capital of the regency, according to Syahril, head of the provincial search and rescue office.

"The incident occurred at midday today. Four people were killed. We have evacuated eight people safely and are still searching for four others who remain missing," he told Xinhua via phone.

Syahril said that the survivors had been taken to a hospital and a nearby post around the seaport in the sub-district for medical treatment. The speedboat's captain has been detained at a police station for questioning regarding the incident, he added.

The search and rescue operation for the missing passengers is ongoing, involving the police, soldiers, personnel from the search and rescue office, the local disaster management and mitigation agency, and volunteers.



Speedboat sinks off North Kalimantan in Indonesia, leaving 4 dead, 4 missing.

According to the local disaster management and mitigation agency, the speedboat was struck by large waves.

**Xinhua**

# Israel launches 61-mln-USD nationwide innovation plan

JERUSALEM January 29

The Israeli Ministry of Economy and Industry on Wednesday announced the launch of a nationwide plan to establish infrastructure across hi-tech and deep-tech sectors.

According to a ministry statement, the initiative includes 13 selected projects with an investment of 220 million shekels (about 61 million U.S. dollars).

The initiative aims to create a robust infrastructure to support the growth of emerging companies, generate high-quality jobs, boost Israeli exports, and solidify Israel's position as a global leader in entrepreneurship and innovation, said the statement.

It includes wet chemical and biological laboratories, new food tech infrastructure, robotic and modular production systems, drone facilities, AI materials labs, and hospital-related projects, among others, the statement said.

**Xinhua**

# India's ISRO marks 100th launch sending navigation satellite NVS-02 into orbit



The GSLV Mk II F15 lifts off from from the Satish Dhawan Space Centre, January 29 (UTC), carrying the NVS-02 satellite.

NEW DELHI January 29

Indian Space Research Organisation (ISRO) Wednesday morning successfully launched its Geosynchronous Satellite Launch Vehicle (GSLV)-F15 rocket carrying navigation satellite NVS-02, officials said.

The GSLV-F15 carrying the NVS-02 lifted off from the launch pad of Sriharikota, off the Bay of Bengal coast located in the southern Indian state of Andhra Pradesh at 6:23 a.m. (local time).

Wednesday's launch marks a remarkable milestone for ISRO commemorating the 100th launch from Satish Dhawan Space Centre in Sriharikota.

NVS-02 will help improve Navigation with Indian Constellation (NavIC) services, which are used for navigation, precision agriculture, emergency services, fleet management, and even mobile device location services.

According to ISRO, the first big rocket to lift off from Sriharikota was the Satellite Launch Vehicle (SLV) on August 10, 1979.

**Xinhua**

# St. Petersburg's Palace Bridge raised to celebrate Chinese New Year for first time

ST. PETERSBURG January 29

St. Petersburg's iconic Palace Bridge was raised early Wednesday to celebrate the Chinese New Year, marking a historic first for the city.

The bridge, which usually opens to allow large ships to pass through during the navigation season from April to November, was illuminated in vibrant red and raised amid the melody of traditional Chinese New Year music.

Consul General of China in St. Petersburg Luo Zhanhui and Evgeny Grigoriev, chairman of St. Petersburg's Committee for Foreign Relations, joined the public in a countdown to the bridge's opening.

Grigoriev said this is the first time the bridge has been opened to honor the Chinese New Year, underscoring the deep and friendly relations between Russia and China.

The celebration is part of the "Happy Chinese New Year" festival, co-organized by the Consulate General of China in St. Petersburg and the St. Petersburg government. The festival, which concludes on February 20, features over 80 cultural events, including concerts, exhibitions, and workshops.


**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Cheaper trips and ridiculous recommendations: The highs and lows of AI travel bots





Artificial intelligence (AI) is fast becoming one of the most significant trends shaping the travel and tourism industry, redefining how travellers plan, book, and experience journeys.

From AI-powered assistants that streamline bookings to innovations such as demand prediction, dynamic pricing, and customer service chatbots, AI's influence on travel is growing by the day.

As this rapidly evolving technology reshapes the industry, it raises an important question: can AI truly replicate the personalised service of human travel agents, or will it work alongside them to permanently alter the future of travel planning?

**How AI can plan a traveller's perfect trip using their search history**

AI is rapidly reshaping travel and tourism businesses and how tech-savvy travellers plan their journeys.

Its ability to process vast amounts of data and provide instantaneous results has improved customer service and saved time for many.

One major area of disruption is personalisation. AI-driven algorithms analyse a traveller's browsing and booking history and their social media activity then create bespoke travel recommendations.

Search engine KAYAK was one of the first travel companies to announce its integration with ChatGPT.

“This feature allows users to interact with KAYAK's search engine more conversationally and intuitively on the site and as they are planning a trip,” explains Matthias Keller, KAYAK Chief Scientist and SVP of technology.

"For example, users can ask questions like, ‘Where can I fly to from London for under £300 in April?’ and receive personalised recommendations based on KAYAK's extensive travel data.”

**How AI can save you money on travel**

Dynamic pricing is another industry game-changer. To optimise pricing, AI algorithms assess real-time variables like demand, seasonality, and traveller preferences.

This ensures competitive rates for consumers while maximising revenue for businesses. Tools like KAYAK's ‘Best Time to Travel’ also help users compare prices and predict trends, enabling them to make informed decisions.

AI also helps consumers through chatbots and virtual assistants. These systems, powered by natural language processing (NLP), can answer complex queries, make reservations, and provide recommendations in multiple languages.

Expedia's Romie, another AI-powered personal assistant that learns users' travel preferences, now acts as a travel agent, concierge, and personal assistant. Itineraries can be updated in the moment, and disruptions - such as weather changes - are flagged instantly.



As Keller notes, AI is paving the way toward a future where consumers "no longer need to search for information, they'll get the right answers instantly.”

**Limitations of AI in travel: The human touch matters**

While using AI in travel planning can save travellers money and time, it also has shortcomings.

The most significant limitation is its inability to replicate the emotional intelligence and intuitive problem-solving qualities of human travel agents.

**Will AI replace travel agents?**

Travel planning isn't just about booking flights and hotels - it's about understanding individual preferences, managing expectations, and addressing clients' needs and unique preferences.

Take, for example, a family planning a multi-destination trip with specific dietary or mobility requirements. This kind of complex planning needs more than a quick AI recommendation. While AI can be used for basic tasks or travel ideas, it struggles to provide the nuanced advice and tailored soluions that human agents bring.

Sarah Davies, an independent travel planner at Life Begins at Travel, highlights the enduring importance of human expertise.

“AI has its place in travel planning and provides a good starting point for people to get ideas. It can't, however, do the due diligence and provide the personal touch that's a crucial element of a travel agent's service.”

Hazel McGuire, Intrepid Travel's UK Director, recognises AI's role in logistics while also understanding the value of human connection. “We have already started to see the impact AI is having on the travel industry. So far, these have been beneficial in logistical planning details such as price-focused research, like finding the best rates for hotels and flights.”

However, McGuire notes that AI falls short when delivering unique, authentic experiences. “At Intrepid, our point of difference is our network of offices and local guides who can discover unique travel experiences that can't be found online.”

AI might offer accommodation alternatives, but it can't negotiate on your behalf or provide the level of reassurance a human can. Travel agents offer solutions, manage frustrations, and rebook trip elements - something bots can't replicate.

McGuire is confident that AI will never fully oust reputable travel companies and agents for this reason: “While AI can make parts of planning more efficient, it will never replace the human touch.

"The travel industry is created by people for people, and we are confident travellers will still want a human connection when choosing their holidays.”

**Bridging the Gap: AI and human collaboration**

Right now, AI is best positioned as a complementary tool rather than a replacement for travel agents. By automating routine tasks such as bookings and monitoring flight delays, AI potentially frees agents to focus on crafting unique itineraries and addressing complex needs.

AI's role in transforming operations is already evident in the hospitality sector. AlixBoulnois, Accor's Chief Business, Digital, and Tech Officer, highlights how deeply integrated technology is in the company's operations: “Tech is everywhere, in everything we do. It's in our hotels, distribution, loyalty programme, and services to hotel owners.”

This extensive use of technology is not about replacing staff but streamlining and improving operational efficiency in hotels and resorts.

As technology develops, the travel industry seems to be cautiously reaching a consensus: AI should complement, not replace, human expertise. Instead, the sector is poised to deliver smarter, more personalised travel experiences that harness technology while maintaining a much-needed human touch.

**Euronews**

# Space Technology and Health

နိုင်ထူး

## ကမ္ဘာမြေကြီး၏ ထုထက် ၆ ဆ ပိုမိုကြီးမားသည့် HD 20794 d ဂြိုဟ်တွင် ရေတည်ရှိနိုင်ဟု သိပ္ပံပညာရှင်များပြောကြား



စကြာဝဠာအပြင်ဘက်တွင် မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့သည့် ဂြိုဟ်တစ်လုံး၌ သက်ရှိများ နေထိုင်နိုင်ရေးအတွက် အထောက်အကူပြုနိုင်သည့် ရေတည်ရှိနိုင်သည့် အလားအလာရှိကြောင်း နိုင်ငံတကာ သုတေသီများက အတည်ပြုပြောကြားသည်။

အဆိုပါဂြိုဟ်ကို HD 20794 d ဟု အမည်ပေးထားပြီး ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာ မိုက်ကယ်ကရစ်တီးနီးယားက ၂၀၂၂ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းဂြိုဟ်သည် ကမ္ဘာမြေကြီး၏ ထုထက် ၆ဆ ပိုမိုကြီးမားလျက်ရှိသည်ဟု သိပ္ပံပညာရှင်များကပြောသည်။

၎င်းဂြိုဟ်သည် အလင်းနှစ် ၂၀ အကွာအဝေးတွင် တည်ရှိနေသည့် နေနှင့်အလားသဏ္ဌာန်တူသောကြယ်တစ်လုံးကိုလှည့်ပတ်နေရာ ၎င်းလှည့်ပတ်သည့်နေရာသည် လူသားများအသက်ရှင်နေထိုင်နိုင်သည့်ဇုန်အတွင်း၌ ကျရောက်နေခြင်းကြောင့် ယင်းဂြိုဟ်၏ မျက်နှာပြင်ပေါ်တွင် သက်ရှိများအသက်ရှင်နေထိုင်နိုင်ရေးအတွက် များစွာအရေးပါသည့်ရေတည်ရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက Astronomy and Astrophysics ဂျာနယ်တွင် ဖော်ပြခဲ့သည်။

HD 20794 d ဂြိုဟ်လှည့်ပတ်ရာနေရာသည် ကမ္ဘာမြေကြီး၏ အနီးတွင်တည်ရှိခြင်းကြောင့် ၎င်းဂြိုဟ်သည် အနာဂတ်လုပ်ဆောင်မည့် အာကာသမစ်ရှင်များအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာနိုင်ကြောင်း ဒေါက်တာကရစ်တီးနီးယားက ပြောကြားထားသည်။

Ref: Astrobiology, Discovermagazine

## အမေရိကန်လေယာဉ်ပျံသန်းမှုသမိုင်းတွင် ထူးခြားသည့်ပြောင်းလဲမှု ဖြစ်လာနိုင်သည့် နာဆာ၏ X-59 အသံထက်မြန်လေယာဉ်ပျံသန်းမှု

အမေရိကန်အာကာသစင်တာ နာဆာအဖွဲ့သည် ၎င်းတို့၏ အသံထက်မြန်သည့် X-59 လေယာဉ်ကို ပျံသန်းခြင်းအားဖြင့် နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်သမိုင်းကို ပြောင်းလဲပစ်ရန်စီစဉ်လျက်ရှိသည်။

နာဆာအဖွဲ့အနေဖြင့် အသံထက်မြန်သည့် X-59 လေယာဉ်ကို ယခု ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပျံသန်းမည့် Quiet SuperSonic Technology mission ကိုဖော်ဆောင်ရန်စီစဉ်နေပြီဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်အတွင်း နိုင်ငံ၏ ပိုင်နက်ကိုဖြတ်၍ အသံထက်မြန်သည့် လေယာဉ်များမောင်းနှင်ပျံသန်းခြင်းကို တားမြစ်ထားခဲ့ခြင်းကြောင့် ယခုနာဆာက လုပ်ဆောင်မည့် X-59 လေယာဉ်ပျံသန်းရေးအစီအစဉ်သည် နိုင်ငံ့လေယာဉ်ပျံသန်းမှုသမိုင်းတစ်လျှောက်တွင် နှစ်ပေါင်း ၅၀ ကျော်အတွင်း ထူးခြားသည့်ပြောင်းလဲမှုတစ်ရပ်ဖြစ်လာနိုင်ဖွယ်ရှိသည်။ နာဆာအဖွဲ့သည် အဆိုပါအစီအစဉ်ကို ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်ကတည်းက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် X-59 လေယာဉ်တည်ဆောက်ရန်အတွက် လော့ဟိမာတင်ကုမ္ပဏီနှင့်ဒေါ်လာ ၂၄၇ ဒသမ ၅သန်း တန်ဖိုးရှိ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး ယင်းလေယာဉ်သည် ယခုအခါ နောက်ဆုံးအဆင့်စမ်းသပ်မှုများကို ကယ်လီဖိုးနီးယားပြည်နယ်ရှိသဲကန္တာရအတွင်း၌ လုပ်ဆောင်နေပြီဖြစ်သည်။ လက်ရှိတည်ဆောက်ပြီးဖြစ်သည့် X-59 လေယာဉ်ပုံကို လော့ဟိမာတင်ကုမ္ပဏီက ဇန်နဝါရီလ ၂၄ ရက်တွင် ထုတ်ဖော်ပြသခဲ့သည်။


လေယာဉ်ပျံတစ်စင်းအနေဖြင့် အသံထက်မြန်သည့်အရှိန်နှုန်းဖြင့် မောင်းနှင်နိုင်စေရန်အတွက် တစ်နာရီလျှင် ၇၆၇ မိုင်ကျော် မောင်းနှင်ပျံသန်းနိုင်ရန်လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် နာဆာအဖွဲ့သည် အဆိုပါအရှိန်နှုန်းကို ထုတ်လုပ်ပေးနိုင်မည့်၊ တစ်နည်းအားဖြင့် လေယာဉ်၏ တွန်းကန်အားကို တိုးမြှင့်ပေးနိုင်မည့် afterburner အင်ဂျင်ကို ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက စမ်းသပ်ခဲ့ပြီးဖြစ်သည်။

X-59 အသံထက်မြန်လေယာဉ်သည် လော့စ်အိန်ဂျလိမြို့မှ နယူးယောက်မြို့သို့ ၂ နာရီ ၃၀ မိနစ်ခန့်သာ ကြာမြင့်စေမည်ဖြစ်ရာ ကုန်ကျစရိတ်နှင့်တွက်မည်ဆိုပါက များပြားလွန်းလှသည်ဟု ဆိုနိုင်သော်လည်း ၎င်းလေယာဉ်ပျံသန်းမည့်အစီအစဉ်သည် အမေရိကန်လေကြောင်းပျံသန်းမှု သမိုင်းကို နှစ်ပေါင်း ၅၀ ကျော်အတွင်း ပြောင်းလဲစေသည့်အစီအစဉ်တစ်ရပ် ဖြစ်လာနိုင်သည်။

Ref: Mashable



## ကန်းဆက်မြို့တွင် စံချိန်တင်မြင့်တက်လာသည့် အဆုတ်ရောဂါကူးစက်မှု



အမေရိကန်ပြည်ထောင်စု မစ်ဆူရီပြည်နယ်ကန်းဆက်မြို့တွင်အဆုတ်ရောဂါဖြစ်ပွားမှု မြင့်တက်လာခြင်းကြောင့် ၎င်းရောဂါသည် ၁၉၅၀ ပြည့်နှစ်များမှစ၍ နိုင်ငံအတွင်းဖြစ်ပွားသည့် ဖြစ်ပွားမှုအများဆုံးရောဂါဖြစ်လာခဲ့သည်။

ပြည်နယ်တစ်ခုလုံးတွင် ၂၀၂၄ ခုနှစ်တွင် ရောဂါဖြစ်ပွားသူ ၁၁၀ ဦးနှင့် အခြားသူများသို့ ရောဂါပိုးကူးစက်နိုင်ခြင်းမရှိသည့် ရောဂါအောင်းနေသူ ၆၃၂ ဦး ရှိသည်ဟု ကန်းဆက်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန (KDHE) ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်ရှိတွင် ကန်းဆက်မြို့အတွင်းရှိ ပြည်သူများအကြား ရောဂါပိုးကူးစက်မှုနည်းပါးလျက်ရှိသော်လည်း ကျန်းမာရေးအာဏာပိုင်အဖွဲ့က ကူးစက်မှုကို လျှော့ချနိုင်ရေးအတွက် ရောဂါရှာဖွေ ဖော်ထုတ်မှုများကိုလုပ်ဆောင်လျက်ရှိပြီး ရောဂါဖြစ်ပွားမှု ပိုမိုဆိုးရွားလာခြင်းမရှိစေရန်အတွက် လိုအပ်ပါက ဆေးကုသမှုပေးအပ်နိုင်ရန် စီစဉ်လျက်ရှိသည်။

အဆုတ်ရောဂါ ဖြစ်ပွားမှုကြောင့် ကန်းဆက်မြို့တွင် လူနှစ်ဦးသေဆုံးခဲ့ပြီးဖြစ်သည်။ ၎င်းရောဂါပိုးသည် ကူးစက်တတ်သောကြောင့် ဂရုတစိုက်ကုသမှု မခံယူပါကသေဆုံးနိုင်သည်အထိ ဆိုးရွားစေနိုင်ကြောင်း၊ ရောဂါအောင်းနေသူများအနေဖြင့်လည်း ရောဂါကူးစက်ခံရသည့် လက္ခဏာများ ပြသခြင်းမရှိဘဲ တစ်ဦးမှအခြားတစ်ဦးထံကူးစက်နိုင်သည်၊ အဆိုပါကူးစက်မှုပုံစံနှစ်မျိုးစလုံးကို ပဋိဇီဝဆေးများဖြင့် ကုသမှုခံယူပါက ပျောက်ကင်းနိုင်သည်ဟု ကျွမ်းကျင်သူများကပြောသည်။ အဆုတ်ရောဂါသည် လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာကတည်းက စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရောဂါကြောင့်လူသေမှုနှုန်းကျဆင်းသွားခဲ့သော်လည်း ကမ္ဘာပေါ်တွင် လူသေမှုအများဆုံး ဖြစ်ပေါ်စေသည့် ကူးစက်ရောဂါတစ်ခုအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။

Ref: Sciencealert

## ယူကရိန်းပဋိပက္ခ လပိုင်းအတွင်း အဆုံးသတ်နိုင်ဟု ဗလာဒီမာပူတင်ပြော

မော်စကို၊ စစ်ရေး

ယူကရိန်းပဋိပက္ခသည် မကြာမီလပိုင်းအတွင်း အဆုံးသတ်နိုင်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောသည်။

ယူကရိန်းအစိုးရသည် ငွေကြေးနှင့် ခဲယမ်းများ ပြတ်လပ်နေသောကြောင့် စစ်ပွဲကို ဆက်လက်တိုက်ခိုက်မှုအပေါ်မူတည်၍ လက်ရှိဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခသည် နှစ်လအတွင်းအဆုံးသတ်နိုင်ကြောင်း သမ္မတပူတင်က သတင်းထောက်တစ်ဦးဖြစ်သူ ပက်ဗယ်ဇာရူဘင်နှင့် ဇန်နဝါရီလ ၂၈ ရက်က ပြုလုပ်သည့်တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ယူကရိန်းနိုင်ငံသည် အနောက်နိုင်ငံများ၏အထောက်အပံ့မရှိဘဲ ရပ်တည်နေနိုင်ခြင်းမရှိကြောင်းနှင့် ငွေကြေးနှင့် ခဲယမ်းများပြတ်တောက်သွားပါက တစ်လခန့်ပင် ရပ်တည်နေနိုင်မည်မဟုတ်ကြောင်း ပူတင်ကဆက်ပြောသည်။

အမေရိကန်နှင့် အခြားအနောက်နိုင်ငံများသည် ယူကရိန်းနိုင်ငံသို့ လက်နက်ခဲယမ်း၊ ယူကရိန်းအစိုးရအမှုထမ်းများအတွက် လစာနှင့်အငြိမ်းစားလစာများ ပေးအပ်ရန်အတွက် ဒေါ်လာ ၂၀၀ ဘီလီယံကျော် ပေးအပ်ထားပြီးဖြစ်သည်။ သို့သော် ယခုအခါ အမေရိကန်တွင် ဒေါ်နယ်ထရမ့် တက်ရောက်လာပြီးနောက် မူဝါဒအပြောင်းအလဲများဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

Ref: RT

# တောင်ဆူဒန်တွင် အပေါ့စားလေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူ ၂၀ ဦးသေဆုံး



**ခါတွန်း၊ မတော်တဆမှု**

တောင်ဆူဒန်နိုင်ငံ ယူနစ်တီပြည်နယ်တွင် ဇန်နဝါရီလ ၂၉ ရက်က အပေါ့စားလေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူ ၂၀ ဦး သေဆုံးခဲ့ကြောင်း ဒေသတွင်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

အဆိုပါလေယာဉ်သည် Greater Pioneer Operating Company ပိုင်လေယာဉ်ဖြစ်ပြီး ယူနစ်တီရေနံမြေမှ ဂျူဘားမြို့သို့ ပျံသန်းထွက်ခွာပြီးနောက် မကြာမီ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပေါ်တွင် တရုတ်နိုင်ငံသားနှစ်ဦး၊ အိန္ဒိယနိုင်ငံသားတစ်ဦးအပါအဝင် ရေနံမြေအလုပ်သမား ၂၁ ဦး လိုက်ပါလာခဲ့ကြောင်း သိရသည်။

လေယာဉ်ပျက်ကျမှုတွင် ကနဦးက လူ ၁၈ ဦးသာ သေဆုံးခဲ့သော်လည်း နောက်ပိုင်းတွင် ဒဏ်ရာရရှိသူများအနက်မှ နှစ်ဦးထပ်မံသေဆုံးသွားခြင်းဖြစ်ကြောင်း ပြည်နယ်သတင်းနှင့် ပြန်ကြားရေးဝန်ကြီး ဂက်ဝက်ဘိုင်ပါက ပြောသည်။

တောင်ဆူဒန်နိုင်ငံတွင် မကြာမီနှစ်များအတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးထိန်းသိမ်းမှုအားနည်းခြင်းကြောင့် လေကြောင်းပျံသန်းမှုများတွင် မတော်တဆမှုများဖြစ်ပွားခဲ့ရကြောင်းသိရသည်။ **Ref: DD**

# ဂျူး၊ အာရပ်နှင့် အာဆီးရီးယန်းမျိုးနွယ်ဝင်များအပေါ် ပစ်မှတ်ထားသည့် အကြမ်းဖက်မှုကို ဩစတြေးလျဖော်ထုတ်




**ဆစ်ဒနီ၊ အကြမ်းဖက်မှု**

ဩစတြေးလျနိုင်ငံရှိ ဂျူး၊ အာရပ်နှင့် အာဆီးရီးယန်းမျိုးနွယ်ဝင်များအပေါ် ပစ်မှတ်ထားလုပ်ဆောင်မည့် အကြမ်းဖက်မှုတစ်ရပ်ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီလ ၂၉ ရက်တွင် ထုတ်ပြန်သည်။

ရဲတပ်ဖွဲ့သည် ဖောက်ခွဲရေးပစ္စည်းများ ထည့်သွင်းတင်ဆောင်ထားသည့် လူနေထိုင်နိုင်သည့် မော်တော်ယာဉ်တစ်စီးအား ရှာဖွေတွေ့ရှိပြီးနောက် အကြမ်းဖက်တိုက်ခိုက်မည့်အစီအစဉ်ကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့သည် အဆိုပါ မော်တော်ယာဉ်ကို ဆစ်ဒနီမြို့ အနောက်မြောက်ဘက် ၃၆ ကီလိုမီတာအကွာရှိ ဒူရယ်ဒေသ၌ ဇန်နဝါရီလ ၁၉ ရက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ ဖမ်းဆီးမှုများကို ရဲတပ်ဖွဲ့က လုပ်ဆောင်ထားပြီးဖြစ်သော်လည်း အသေးစိတ်ကို ဖော်ပြထားခြင်းမရှိပေ။

ယခုအခါ အဆိုပါတိုက်ခိုက်ရန် ကြံစည်မှုအား ပြည်နယ်နှင့် ဗဟိုရဲတပ်ဖွဲ့များပါဝင်သည့် အကြမ်းဖက်တန်ပြန်တိုက်ဖျက်မှုစစ်ဆင်ရေးအဖြစ် ရဲတပ်ဖွဲ့ဝင် ၁၀၀ ကျော်က ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဩစတြေးလျနိုင်ငံတွင် မကြာမီလပိုင်းအတွင်းကလည်း ဂျူး၊ အာရပ်နှင့် အာဆီးရီးယန်းမျိုးနွယ်ဝင်များအပေါ် ပစ်မှတ်ထားသည့် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **Ref: ST**

## နိုင်ငံတကာသတင်းတိုကဏ္ဍ

# နိုင်ငံအတွင်းရှိ နျူကလီးယားစက်ရုံတစ်ရုံအား တိုက်ခိုက်မည့် ယူကရိန်းဒရုန်းတစ်စင်းကို ရုရှားပစ်ချ

ရုရှားနိုင်ငံအတွင်းရှိ နျူကလီးယားစက်ရုံတစ်ရုံအားတိုက်ခိုက်မည့် ယူကရိန်းဒရုန်းတစ်စင်းကို ဆမိုလန့်ဒေသ၌ ပစ်ချနိုင်ခဲ့ကြောင်း အဆိုပါဒေသအုပ်ချုပ်ရေးမှူးက ဇန်နဝါရီလ ၂၉ ရက်တွင် ပြောသည်။

အဆိုပါဒရုန်းသည် နျူကလီးယားဓာတ်အားပေးစက်ရုံအား တိုက်ခိုက်ရန် ကြိုးပမ်းနေစဉ် ပစ်ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း အုပ်ချုပ်ရေးမှူး ဗက်ဆလီအန်နိုခင်က ပြောသည်။ အဆိုပါဖြစ်စဉ်အတွင်း အရပ်သားထိခိုက်မှုနှင့် ပျက်စီးမှုတစ်စုံတစ်ရာ ဖြစ်ပွားခြင်းမရှိကြောင်း ၎င်းကဆက်ပြောသည်။

ယူကရိန်းနိုင်ငံမှ ဒရုန်းများသည် ဆမိုလန့်ဒေသအတွင်းရှိ အရပ်ဘက် အဆောက်အအုံများအပေါ် မကြာခဏ တိုက်ခိုက်လေ့ရှိပြီး ထိုသို့လာရောက်တိုက်ခိုက်သည့် ဒရုန်းများအနက် တစ်စင်းကိုလည်း ပစ်ချနိုင်ခဲ့ကြောင်းသိရသည်။

**Ref: Xinhua**

# မနီလာမြို့ရှိ တရုတ်တန်းတွင် မီးလောင်ကျွမ်းမှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်ရှိ တရုတ်တန်းတွင် ဇန်နဝါရီလ ၂၉ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူနှစ်ဦး သေဆုံးသွားကြောင်း မီးသတ်တပ်ဖွဲ့က ထုတ်ပြန်သည်။

မီးလောင်ကျွမ်းမှုသည်မနီလာမြို့တော် ဘီနွန်ဒိုခရိုင်ရှိ အထပ် ၅၆ ထပ်ပါ ကွန်ဒိုမီနီယံတစ်ခု၏ ၂၅ ထပ်၌ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၄၁ မိနစ်ခန့်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး သေဆုံးသူများမှာ မီးလောင်မှုတွင်ပိတ်မိနေခဲ့သည့် အိမ်အကူများဖြစ်သည်။ အခြားခြောက်ဦးမှာ ဘေးလွတ်ရာသို့ အချိန်မီ ထွက်ပြေးသွားနိုင်ခဲ့ကြောင်း သိရသည်။

သေဆုံးသူများသည် မီးလောင်မှုဖြစ်ပွားနေစဉ်တွင် အိပ်ပျော်နေကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးလောင်ကျွမ်းမှုကို တစ်နာရီအတွင်းအပြီးသတ် ငြိမ်းသတ်နိုင်ခဲ့ပြီး မီးအား အခြားအထပ်များသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရန် တားဆီးနိုင်ခဲ့သော်လည်း သေဆုံးသူများကို ကယ်ဆယ်နိုင်ခဲ့ခြင်းမရှိပေ။

အဆိုပါ မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့်အကြောင်းရင်းကို မီးသတ်တပ်ဖွဲ့က ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **Ref: Xinhua**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း အွတ်တာပရာဒေ့ရှ်ပြည်နယ်တွင် လူအုပ်ပြိုကျ အနည်းဆုံး ၃၉ ဦးသေဆုံး



**မွမ်ဘိုင်း၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံမြောက်ပိုင်း အွတ်တာပရာဒေ့ရှ်ပြည်နယ်ရှိ ဘာသာရေးပွဲတော်တစ်ခုတွင် ဇန်နဝါရီလ၂၉ ရက် အစောပိုင်းက လူအုပ်ပြိုကျခဲ့ရာ အနည်းဆုံးလူ ၃၉ ဦး သေဆုံးခဲ့ကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်သည် ဘက်ပက်ခရိုင် မဟာခမ့်မီလာတွင် ဘာသာရေးပွဲတော်ကျင်းပရာနေရာ၌ နံနက်အစောပိုင်းက ဖြစ်ပွားခြင်းဖြစ်ပြီး ၅၀ ကျော် ဒဏ်ရာရရှိသွားသည်။ အဆိုပါပွဲတော်သို့ လူသန်းပေါင်းများစွာလာရောက်ခဲ့ပြီး သေဆုံးသူအရေအတွက်အတိအကျကို အာဏာပိုင်များက ထုတ်ပြန်နိုင်ခြင်းမရှိသေးပေ။

လက်ရှိတွင် လူအုပ်ပြိုကျမှုကြောင့် သေဆုံးသူများ၏ ရုပ်အလောင်းများကို တာဝန်ရှိသူများက ဆေးရုံသို့ပို့ဆောင်ပေးထားကြောင်းသိရသည်။

သေဆုံးသူဦးရေမှာ မြင့်တက်လာဖွယ်ရှိကြောင်း အွတ်တာပရာဒေ့ရှ်ပြည်နယ်ရဲတပ်ဖွဲ့မှ အရင်းအမြစ်တစ်ခုကပြောသည်။

အဆိုပါပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားရာပွဲတော်တစ်ခုဖြစ်ပြီး ၎င်းပွဲတော်အား ရက်သတ္တခြောက်ပတ်ကြာကျင်းပရန် စီစဉ်ထားသည်။

အဆိုပါဘာသာရေးပွဲတော်သို့ လူသန်း ၂၀၀ အထိ လာရောက်မည်ဟု တာဝန်ရှိသူများကခန့်မှန်းထားကြောင်းသတင်းဌာနတစ်ခု၏ထုတ်ပြန်ချက်အရသိရသည်။

**Ref: ST, shine**

# သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း လှည့်လည်ကြည့်ရှု

**စစ်တွေ ဇန်နဝါရီ ၂၉**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ပေါ်ရှိ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗုဒ္ဓါမော်ကျောင်းတိုက်ရှိ တောင်ဘက်ကပ်ကျော် ရန်ပြေ မာန်ပြေ ကိုးနဝင်း ဓါတုဇေစေတီအားဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပူဇော်သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား တောင်ဘက် ကပ်ကျော် ရန်ပြေ မာန်ပြေ ကိုးနဝင်း ဓါတုဇေစေတီကို သာသနိကအဆောက်အအုံများ ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များအား ဆွေးနွေးမှာကြားပြီး စေတီတော်နှင့် သာသနိကအဆောက်အအုံများ ပြုပြင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ ဗုဒ္ဓါမော် ကျောင်းတိုက် ဆရာတော်က စေတီတော်နှင့်ပတ်သက်၍ လိုအပ်သည်များကိုမိန့်ကြားရာ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား အရှေ့ဘက် ကပ်ကျော် ရန်ပြေ မာန်ပြေ ကိုးနဝင်းဓါတုဇေစေတီကို သာသနိကအဆောက်အအုံများ ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိဇံရပ်ကွက်ရှိ မိဇံနတ်စင်အား ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပြီးစီးမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုန်းတပင်ရပ်ကွက်ရှိ မြောက်ဘက်ကပ်ကျော်ရန်ပြေ မာန်ပြေ ကိုးနဝင်းဓါတုဇေစေတီသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား မြောက်ဘက် ကပ်ကျော် ရန်ပြေ မာန်ပြေ ကိုးနဝင်းဓါတုဇေစေတီကို သာသနိကအဆောက်အအုံများ ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များအား ဆွေးနွေးမှာကြားပြီး စေတီတော်နှင့် သာသနိကအဆောက်အအုံများ ပြုပြင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂြစ်ဘက်ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသိမ်တော်အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ သိမ်တော်အား ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂြစ်ဘက်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အားဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းကျောင်းတော်ကြီးအား ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့်ပတ်သက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

## လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပုံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

# မင်းဘူးမြို့နယ် ရွာသာယာကျေးရွာအဝင် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ



မကွေး ဇန်နဝါရီ ၂၉

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ရွာသာယာကျေးရွာအဝင် ကွန်ကရစ် လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကွန်ကရစ်လမ်းသစ်၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒေသခံပြည်သူများတက်ရောက်သည်။

ဦးစွာ ရွာသာယာကျေးရွာအဝင် ကွန်ကရစ်လမ်းသစ်အား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမိုးထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတွင် ပါဝင်ကူညီခဲ့သည့် ဘင်ခရာအဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ယာယီရှင်းလင်းဆောင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရွာသာယာကျေးရွာအဝင် ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၃ ဘီလီယံခန့် အသုံးပြုပြီး ကွန်ကရစ်လမ်းငါးလမ်း၊ ကတ္တရာလမ်းရှစ်လမ်း၊ ကျောက်ချောလမ်းငါးလမ်း၊ ဂဝံမြေနီလမ်း ၃၀ စုစုပေါင်းလမ်း ၄၈လမ်း၊ မိုင်ပေါင်း ၆၈/၄ ဒသမ ၈၂ မိုင်နှင့် ကွန်ကရစ်တံတား ၁၀ စင်း၊ ရေကျော် ၁၄ စင်း၊ ရေပြွန် ၃၂ စင်း စုစုပေါင်း ၅၆ စင်း ပေရှည်ပေါင်း ၂၃၈၀ ပေ တို့ကို ဆောင်ရွက်ပေးနေသည့်အတွက် လုပ်ငန်းအားလုံးပြီးစီးပါက မိမိတို့တိုင်းဒေသကြီးအတွင်းမှာရှိသည့် ကျေးရွာပေါင်း ၈၆၁ ရွာ ကျေးလက်နေအိမ်ထောင်စု ၁၄၆၂၃၉ ခုနှင့် ပြည်သူ ၆၄၀၁၃၁ ဦးခန့်ကို လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေဖို့ များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်ညီညာ

# ဓနုဖြူမြို့နယ် မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခြင်းဆောင်ရွက်




ဓနုဖြူ ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇန်နဝါရီလ ၂၈ ရက်က ဆောင်ရွက်ခဲ့သည်။

ဓနုဖြူမြို့နယ် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ၊ ဈေးသားများပူးပေါင်း၍ တွေ့ဆုံဆွေးနွေးကြပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိမှုများအား ဈေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနောင်နောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူနှင့် အဖွဲ့ဝင်များက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# ပြည်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်၌ (၁၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

ပြည် ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီလ ၂၈ ရက်က အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာယုဇနနှင့် သဟာယအဖွဲ့ဝင်များ စင်မြင့်ထက်၌ နေရာယူကြကာ ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် စတင်ကျင်းပကြောင်း ကြေညာပြီး ဘာသာရပ်အလိုက် ကောင်းစွာအောင်မြင်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာပြီးဖြစ်သော ယင်းတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများအား ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဘွဲ့နှင်းသဘင်အခမ်းအနား၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် D.C.Sc ဘွဲ့၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Bachelor of Computer Science (B.C.Sc)ဘွဲ့၊ Bachelor of Computer Technology (B.C.Tech)ဘွဲ့နှင့် D.C.Sc ဘွဲ့ရကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅၅ ဦးအား ပါမောက္ခချုပ်က ဘွဲ့လက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# စိုက်ပျိုးရေးဦးစီးဌာနမှ EM ဘိုကာရှိ သဘာဝမြေဆွေးပုံလက်တွေ့ပြုလုပ်ခြင်းကွင်းသရုပ်ပြ

ပင်လောင်း ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးတောင်သူများ သဘာဝမြေဩဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်ရန်နှင့် သဘာဝမြေဩဇာသုံးစွဲခြင်းဖြင့် မီးခိုးမြူလျှော့ချနိုင်စေရန် စိုက်ပျိုးရေးတောင်သူများအတွက် EM ဘိုကာရှိ သဘာဝမြေဆွေးပုံလက်တွေ့ပြုလုပ်ခြင်း ကွင်းသရုပ်ပြပွဲကို ပေါ့အင်ကျေးရွာအုပ်စု ထီရွေးထီရယ်ကျေးရွာရှိ တောင်သူ ဦးဘသော်၏ တစ်ကွင်းတစ်ဆက်တည်း ကြက်သွန်ဖြူဧက ၄၀ စံပြစိုက်ခင်း၌ ဇန်နဝါရီလ ၂၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သန်းက EM ဘိုကာရှိ သဘာဝမြေဆွေးပုံ လက်တွေ့ပြုလုပ်နည်းအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေဆွေးလက်တွေ့ပြုလုပ်နည်းကို သရုပ်ပြဆောင်ရွက်ပြီး တက်ရောက်လာကြသည့် စိုက်ပျိုးရေးတောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။

ထိုသို့ ကွင်းသရုပ်ပြဆောင်ရွက်ခြင်းကြောင့် စိုက်ပျိုးရေးတောင်သူများ သဘာဝမြေဩဇာကို ကိုယ်တိုင်ပြုလုပ်တတ်ခြင်း၊ သီးနှံစွန့်ပစ်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းကြောင့် ထွက်လာသည့် မီးခိုးမြူများကိုလျှော့ချနိုင်ခြင်း၊ EM အကျိုးပြုအဏုဇီဝပိုးများ၏ အစွမ်းသတ္တိကြောင့် စိုက်ပျိုးမြေဂုဏ်သတ္တိများ တိုးတက်လာပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်းနှင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ တွဲဖက်အသုံးပြုစေသည့် အလေ့အထများရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သက်သက်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စိုက်ပျိုးရေးတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ခွန်အောင်(နောင်တရား)

## စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ကျေးလက်ကုန်ထုတ်လမ်း(၁)လမ်းနှင့် Box Culvert (၂)စင်း တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

(၁) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၃၀-၁-၂၀၂၅)ရက်နေ့(ကြာသပတေးနေ့) (ရုံးချိန်အတွင်း)

(၂) တင်ဒါလျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက် - (၁၂-၂-၂၀၂၅)ရက်နေ့(ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(၃) တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် - (၁၃-၂-၂၀၂၅)ရက်၊ (၁၆:၀၀)နာရီအထိ

(၄) တင်ဒါတင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး

၂။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၀၂၆၅၂၀၊ ၂၀၂၆၁၉၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း
အိမ့်အိမ့်ဦး(ဘ)ဦးသန်းဦး ၈/ရစက(နိုင်)၂၀၆၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 413869)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၅၃၀၉၆၅၉

### ပျောက်ဆုံးကြောင်း
မေဇင်လှဲ့(ဘ)ဦးမောင်ကြည် ၅/ကလထ(နိုင်)၂၄၅၅၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၀၄၄၂၅၉၇

### ပျောက်ဆုံးကြောင်း
အောင်ကျော်ဦး(ဘ)ဦးဘငြိမ်း ၁၂/မရက(နိုင်)၁၃၃၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၇၆၃၂၇

### ပျောက်ဆုံးကြောင်း
မင်းချိုလေးအောင်(ဘ)ဦးအောင်ဝင်း ၁၀/ခဆန(နိုင်)၁၀၀၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၄၀၀၆၄၆

### ပျောက်ဆုံးကြောင်း
ချစ်လင်းစိုး(ဘ)ဦးလှအောင် ၁၀/ကထန(နိုင်)၁၉၇၇၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၃၇၆၃၀၉

### ပျောက်ဆုံးကြောင်း
ပျိုပျိုမေ(ဘ)ဦးမောင်လွင် ၁၀/ကထန(နိုင်)၁၉၇၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၃၇၆၃၀၉

### ပျောက်ဆုံးကြောင်း
အောင်ကျော်စိုး(ဘ)ဦးစောဖားအဲ ၁၀/သထန(နိုင်)၂၆၄၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၀၄၈၅၅၅၇

### ပျောက်ဆုံးကြောင်း
မခတ္တာစိုး(ဘ)ဦးလှသောင်း ၁၀/ကထန(နိုင်)၁၈၉၂၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၃၇၆၃၀၉

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ အ.လ.က၊ ဈေးညောင်ပင်ကြီးကျောင်း၊ Grade-9 မှ မရတနာဖြိုး၏ဖခင်အမည်မှန်မှာ ဦးဇော်မျိုးထိုက် ၇/ပခန(နိုင်)၃၂၄၂၈၀ ဖြစ်ပါကြောင်း။
**ဦးဇော်မျိုးထိုက်**

### ပျောက်ဆုံးကြောင်း
စနေထွန်း(ဘ)ဦးထွန်းငြိမ်း ၉/မခန(နိုင်)၂၃၈၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
စိုးငြိမ်းအောင်(ဘ)ရန်မြင်ကွယ် ၁၃/သပန(ပြု)၀၀၀၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 600579)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ရဲလင်းနောင်(ဘ)ဦးကျော်စိုး ၁၄/သပန(နိုင်)၀၈၈၈၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မောင်စိုးလှိုင်(ဘ)ဦးကံကောင်း ၉/မခန(နိုင်)၂၀၁၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မောင်မျိုးမင်း(ဘ)ဦးစိန်ဝင်း ၉/မခန(နိုင်)၁၉၈၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဦးအေးဌွေး(ဘ)ဦးတင်အောင် ၁၂/မဂဒ(နိုင်)၀၃၈၃၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၈၅၃၈၆၂

### ပျောက်ဆုံးကြောင်း
အေးမို့မို့အောင်(ဘ)ဦးအောင်မြင့် ၁၂/ကမန(နိုင်)၁၀၃၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 643969)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဝင်းဝါလင်း(ဘ)ဦးဇင်မင်းထွန်း ၁/ဗမန(နိုင်)၁၂၃၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 685272)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အောင်ခိုင်မိုး(ဘ)ဦးသန်းဖေ ၁၂/တမန(နိုင်)၀၁၆၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၉၃၇၅၃၇၉

### ပျောက်ဆုံးကြောင်း
ဦးဘုန်းမြင့်(ဘ)ဦးကျင်လှ ၁၂/ကမတ(နိုင်)၀၁၀၆၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 887330)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဝေဝေမြင့်(ဘ)ဦးမောင်မြင့် ၁၂/ကမတ(နိုင်)၀၁၀၆၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 189125)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်းတယမြို့နယ်၊ ရွာငယ်ရပ်ကွက်နေ အဘ ဦးကံကြီး၏သမီး ဒေါ်သန်းငွေနှင့်ဒေါ်တင်အေး ၁၃/တကန(နိုင်)၀၀၈၇၄၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်သန်းငွေ(ခ)ဒေါ်တင်အေး**

### အမည်မှန်
အဘ ဦးကျော်သူရ ၉/တကန(နိုင်)၀၉၈၃၀၁ ၏သား မောင်ကျော်သူဘုန်းနိုင်၏အမည်မှန်မှာ မောင်ကျော်ဘုန်းနိုင် ၉/မဟပ(နိုင်)၀၈၃၄၅၃ ဖြစ်ပါကြောင်း။
**မောင်ကျော်ဘုန်းနိုင်**

### ပျောက်ဆုံးကြောင်း
ဖြိုးသူအောင်(ဘ)ဦးခင်မောင်အေး ၁၄/သပန(နိုင်)၁၆၀၅၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ညီညီလွင်(ဘ)ဦးလှမြင့် ၁၂/ဒဂတ(နိုင်)၁၀၀၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁




*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်နှင့်လည်း ကံစမ်းလို့ရနေပြီနော်...

## ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ မင်္ဂလဇောတိကဓဇ၊ ဝိဇ္ဇာကာသီ သီရိကမ္မဋ္ဌာနာစရိယ (သီရိလင်္ကာနိုင်ငံ)၊ Ph.D(Social Science)၊ Ph.D(Vipassana Bhavana) Thailand၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး(ရန်ကုန်)၏ မဟာနာယက၊ အဘယလာဘမုနိကျောက်တော်ကြီးဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၇၇)၏ ပဓာန နာယက၊ နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံစွမ်းဆောင်ရည်ဆုရ အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ ဩဝါဒါစရိယ၊ ပြည်တွင်း၊ ပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြုအောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်၏ သက်တော်(၇၈)နှစ်ပြည့် ဝိဇာတ မင်္ဂလာအထိမ်းအမှတ်၊ (၁၉၉)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ပြာသိုလ(၁၀)ရက် "ဝိဇာတ" တရားစခန်းပွဲအတွက်

**ဆွမ်းအလှူရှင်များ**

၁။ မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်စန်းငွေ၊ ဒေါ်နုနုလွင် "ရွှေဟင်္သာစတိုး" မိသားစုနှင့် မိဘများအမှူးထားပြီး ဦးဝင်းအောင်-ဒေါ်ညွှန့်ညွှန့်ဟန်၊ သား-မောင်ဖြိုးထက်၊ သမီး-မရွက်ဝေ "စိန်ခရေ"တိုင်းရင်းဆေးခန်းမိသားစုများနှင့် ကွယ်လွန်သူဖခင်ကြီး ဦးအီရိုးအားရည်စူး၍ မိခင်ကြီး ဒေါ်ငွေကျင်ကို အမှူးထားကာ ဦးအောင်ဝင်း ဇနီး ဒေါ်သန်းသန်းမော်၊ သား-ဒေါက်တာအောင်မင်းမော်-မဟေမာဝင်း၊ မောင်မင်းမော်ဟိန်း၊ မောင်မင်းမော်ခ၊ မြေး-မောင်မော်ကွန်းခန့်၊ မယုကီမင်းမော် မိသားစု

၂။ ယခုသက်ရှိသမုတိ ဆရာတော်ဘုရားကြီးများ၏ ဂုဏ်ကျေးဇူးများကို ဦးထိပ်ထား၍ ဒေါ်ခိုင်ဇော်(Earth Group of Companies)မိသားစု

၃။ နှစ်ဖက်မိဘများ အမှူးထားပြီး ကိုဇာနည်ဝင်းခိုင်-မထက်ထက်မြင့်၊ သား-မောင်ခန့်မင်းလျှင်၊ သမီး-မခင်ဖြိုးအိန္ဒြာ မိသားစု

၄။ ဦးတူးနိုင်ထွန်း-ဒေါ်မို့မို့ဆွေ၊ သမီး-မရွှေလျံလျံ၊ သား-မောင်ပိုပြည့်လျံ "လူတွေချစ်တဲ့ 2.9" စိန်ရွှေရတနာဆိုင် မိသားစု

၅။ နှစ်ဖက် ဘိုးဘွားများနှင့် ဖခင်ကြီး ဦးရုပ်ရန်းအား ရည်စူး၍ မိခင် ဒေါ်ပုအား အမှူးထားကာ ဦးရဲအောင်-ဒေါ်စိုးစိုးရီ၊ သမီး-ချောတဥ္ဍာအောင်၊ ပိုအိန္ဒြာအောင်၊ မြအင်ကြင်းအောင်၊ လှအင်ကြင်းအောင် Beyond Group မိသားစု

၆။ ဖခင် ဦးအေးမောင်၊ မိခင်(ဒေါ်အေးသန်း) (ဦးမင်းမင်းထွန်း)၊ သမီး-ဒေါ်တင်တင်ဦး၊ မြေး-မခိုင်ဇာသွယ်(Grace's Priemiunm Fruits)မိသားစုနှင့် ဦးလှကြိုင်-ဒေါ်နီနီအောင် သားသမီးမြေး မိသားစု

၇။ ဗိုလ်ချုပ် ကက်စိန်(ငြိမ်း)အား ရည်စူး၍ ဇနီး ဒေါ်ယဉ်ယဉ်မြင့်နှင့် သားသမီးမြေး မိသားစု

၈။ မစုစံမျိုးသိန်းအား ရည်စူး၍ ဦးမျိုးသိန်း ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်စိုးရီ(Lion Myanmar Co.,Ltd.)မိသားစု

၉။ ကျေးဇူးရှင်မိဘများနှင့် ခင်ပွန်းဖြစ်သူ ဦးသောင်းညွန့်တို့အား ရည်စူးပြီး ပါမောက္ခ ဒေါက်တာဒေါ်ခိုင်စမ်းရင်နှင့် သမီး-ဒေါက်တာနီတာခိုင်မိသားစုနှင့် ကိုဝင်းထွန်း-မဖြိုးသွယ်သွယ်၊ သမီး-မသွန်းစန္ဒီထွန်း၊ မသွယ်ရတီထွန်း မိသားစု

၁၀။ ဒေါ်သိင်္ဂီခင်၊ သမီး-ဗိုလ်ကြီး ဒေါက်တာ ကျော်ကျော်မိုး-မဖုန်းခင်သစ် မိသားစု၊

**Diesel လျှပ်စစ်မီး စက်သုံးဆီအလှူရှင်များ**

၁။ ဗိုလ်ချုပ် အောင်ကျော်ကျော် ဇနီး ဒေါ်ယမင်းထွန်း၊ သမီး-မသွန်းအိမ်စည် မိသားစု၊ ဦးစစ်မြိုင်-ဒေါ်ဝင်းဝင်းရီ၊ ဦးသိန်းကျော်-ဒေါ်အေးအေးခိုင်၊ သီဟသုဓမ္မဇဏီဇောတဓရ ဒေါက်တာရဲလင်းနိုင်-သုဓမ္မသိင်္ဂီ ဒေါက်တာမျိုးမြတ်သူ၊ သား-မောင်သူရထက် Empress Star Gems & Jewellery မိသားစုနှင့် ဦးသော်တာစုမောင်-ဒေါ်ယဉ်မျိုးမျိုးအောင်(ရန်ကုန်)မိသားစု

**သောက်ရေသန့်အလှူ**

၁။ ဦးကျော်လှိုင်-ဒေါ်ခင်မြိုင်တို့အားရည်စူးကာ Myanmar United Asia Co.,Ltd. မိသားစု၊ အလှူရှင်များအားလုံးနှင့် ဝေယာဝစ္စကုသိုလ်ရှင်အားလုံးတို့အား အထူးဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်း။

**အောင်ဆန်း ဆရာတော်နှင့် အကျိုးတော်ဆောင်အဖွဲ့**
**သတ္တဝါခပ်သိမ်း၊ တရားကိန်း၊ အေးငြိမ်းချမ်းသာရှိပါစေ**
**ခပ်သိမ်းများ သတ္တဝါ မြန်စွာ ဒုက္ခဆုံးပါစေ**

### ပျောက်ဆုံးကြောင်း
ချောစုသန်း(ဘ)ဦးမြင့်သန်း ၁၄/မအပ(နိုင်)၃၀၅၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 906894)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ခင်နန်းဝေ(ဘ)ဦးဆန်းဝင်း ၈/မကန(နိုင်)၂၅၃၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၃၄၆၀၀၈

### ပျောက်ဆုံးကြောင်း
ကျော်ထူး(ဘ)ဦးတင်ငွေ ၁၄/ပတေ(နိုင်)၀၀၀၀၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၇၉၉၆၅

### ပျောက်ဆုံးကြောင်း
မနီနီဝင်း(ဘ)ဦးခင်မြင့် ၁၀/ကထန(နိုင်)၁၃၅၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
နူရ်ရာရှရစ်(ဘ)ဦးဘထွန်း ၁၀/မလမ(နိုင်)၂၇၇၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၀၀၉၇၅၆၁

### ပျောက်ဆုံးကြောင်း
ဦးဘသန်း(ဘ)ဦးမာရီအပွန် ၁၂/သလန(နိုင်)၀၇၆၆၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မောင်ဝင်းထက်နိုင်(ဘ)ဦးစိုးသန်း ၁၀/မလမ(နိုင်)၂၅၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ မောင်စံမျိုးအောင်(ဘ)ဦးကိုကိုအောင် ၇/ပခန(နိုင်)၄၂၈၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ စလူချောင်းကျေးရွာနေ တိုးဝေလင်း(ဘ)ဦးစိုးသန်း ၇/ရကန(နိုင်)၀၈၂၆၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 840083)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၄၀၂၅၆၁၆

### အမည်ပြောင်း
မွန်ပြည်နယ်၊ မုဒုံမြို့၊ တံခွန်တိုင်ကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း၊ G-4 တွင် ပညာသင်ကြားနေသော ဦးစိုးသက်အောင်-ဒေါ်ခိုင်ခင်ဦး၏သမီး မပိုးကြယ်စင်ထက်အား မမေမြတ်မဒီကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေမြတ်မဒီကျော်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်နေ အဘ ဦးခိုင်ဇော်လင်း ၉/မထလ(နိုင်)၂၁၈၉၀၆ ၏သား မောင်ကောင်းဆက်လင်းနှင့် မောင်ကောင်းခန့်ဇေယျာလင်း ၉/မထလ(နိုင်)၃၉၉၇၈၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်ကောင်းဆက်လင်း(ခ)**
**မောင်ကောင်းခန့်ဇေယျာလင်း**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မန်ယူအသင်းက ကွင်းလယ်ကစားသမား ကက်စ်မဲရိုးကို အပြီးသတ်မရောင်းချနိုင်ပါက အငှားစာချုပ်ဖြင့် ထွက်ခွာရန်ခွင့်ပြုပေးထား

မန်ချက်စတာ ဇန်နဝါရီ ၉

မန်ယူအသင်းက ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရိုးကို ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလမပြီးဆုံးမီ အပြီးသတ်မရောင်းချနိုင်ပါက ရာသီကုန်အထိ အငှားစာချုပ်ဖြင့် အသင်းမှထွက်ခွာရန် ခွင့်ပြုပေးထားကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် ကက်စ်မဲရိုးသည် ၂၀၂၂ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း နောက်ပိုင်းဘောလုံးရာသီများတွင် ပုံမှန်ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသူဖြစ်သည်။

ကက်စ်မဲရိုးသည် လက်ရှိမန်ယူအသင်းနည်းပြ အမိုရင်လက်အောက်တွင်လည်း ပွဲကစားခွင့်ပိုမိုနည်းပါးလာပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်က ကစားသည့် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် နောက်ဆုံးပါဝင်ကစားပြီးနောက် ပြိုင်ပွဲစုံခြောက်ပွဲဆက်တိုက် ပွဲကစားခွင့်မရရှိဘဲ ရုန်းကန်နေရသူဖြစ်သည်။

လက်ရှိ မန်ယူအသင်းနှင့် ကက်စ်မဲရိုးတို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း မန်ယူအသင်းက ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် အပြီးသတ်မရောင်းချနိုင်ပါက အငှားစာချုပ်ဖြင့်စေလွှတ်ရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

လက်ရှိတွင် ကက်စ်မဲရိုးကို ဆော်ဒီထိပ်တန်းကလပ်အသင်းများအပြင် နည်းပြဆိုးလ်ရှားကိုင်တွယ်နေသည့် ဘီဆစ်တပ်အသင်းကလည်း စောင့်ကြည့်နေပြီး အငှားစာချုပ်ဖြင့် ကမ်းလှမ်းမှုများလုပ်ဆောင်ဖွယ်ရှိကြောင်း သိရသည်။ *Ref;Fotmob*




# အက်ဖ်အေက ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် အနီကတ်ပြသခံရသည့် အာဆင်နယ်အသင်း လူငယ်ခံစစ်ကစားသမား လီဝှစ်ချ်စကယ်လီကို သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်

လန်ဒန် ဇန်နဝါရီ ၉

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၃) အဖြစ် ကစားသည့် ဝုဗ်အသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်တွင် အနီကတ်ပြသခံရသည့် အာဆင်နယ်အသင်း လူငယ်ခံစစ်ကစားသမား လီဝှစ်ချ်စကယ်လီကို အက်ဖ်အေက သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းက ဝုဗ်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ ပွဲချိန်ပထမပိုင်း ပြီးဆုံးခါနီးတွင် လီဝှစ်ချ်စကယ်လီသည် ပြိုင်ဘက်အသင်းကစားသမားကို ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီး မိုက်ကယ်အိုလီဗာက တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

လီဝှစ်ချ်စကယ်လီ၏ အနီကတ်ဖြစ်ရပ်တွင် ၎င်းအနေဖြင့် ပြိုင်ဘက်အသင်းကစားသမားကို ဖျက်ထုတ်ခဲ့ရာတွင် ကွင်းလယ်ဒိုင်လူကြီး မိုက်ကယ်အိုလီဗာက ခံစစ်စည်းကိုကျော်ဖြတ်ဖျက်ထုတ်ခဲ့သည်ဟု ယူဆခဲ့ပြီးနောက် တိုက်ရိုက်အနီကတ်ပြပြီး ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်အပြီးတွင် အာဆင်နယ်အသင်းပရိသတ်များက လီဝှစ်ချ်စကယ်လီကို ပြသခဲ့သည့် တိုက်ရိုက်အနီကတ်မှာ မျှတမှုမရှိဟု ကွင်းလယ်ဒိုင်လူကြီးကို ပြင်းပြင်းထန်ထန်ပြစ်တင်ဝေဖန်မှုများလုပ်ဆောင်ခဲ့သည့်အပြင် ပရိသတ်တချို့က ကွင်းလယ်ဒိုင်လူကြီး မိုက်ကယ်အိုလီဗာနှင့် မိသားစုဝင်များကိုပါ အသက်အန္တရာယ်ခြိမ်းခြောက်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က ဒိုင်လူကြီး မိုက်ကယ်အိုလီဗာဘက်မှ အပြည့်အဝရပ်တည်၍ ကာကွယ်မှုများပြုလုပ်ပေးခဲ့ပြီး ယခုအခါတွင်လည်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က လီဝှစ်ချ်စကယ်လီကို သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

လီဝှစ်ချ်စကယ်လီအနေဖြင့် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့်အတွက် မန်စီးတီး၊ လက်စတာ၊ ဝက်စ်ဟမ်းအသင်းတို့နှင့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။ *Ref;Fabrizio Romano*

# နေမာကို ခြောက်လစာချုပ်ဖြင့်ခေါ်ယူမည်ဖြစ်ပြီး ယခုရက်သတ္တပတ်အတွင်း စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ဆန်းတို့စ်အသင်းဥက္ကဋ္ဌအတည်ပြု




ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၉

ဆန်းတို့စ်အသင်းဥက္ကဋ္ဌ မာဆယ်လိုအီဇားယားက မိမိတို့အနေဖြင့် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် တိုက်စစ်ကစားသမားနေမာကို ယခုဘောလုံးရာသီကုန်အထိ ခြောက်လစာချုပ်ဖြင့်ခေါ်ယူမည်ဖြစ်ပြီး ယခုရက်သတ္တပတ်အတွင်း အပြီးသတ်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

အသက် ၃၂ နှစ်အရွယ် နေမာသည် ဆန်းတို့စ်အသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ကာ ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၉ ခုနှစ်က ဆန်းတို့စ်အသင်းနှင့်စတင်ခဲ့သူဖြစ်ပြီး အသင်းတွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ် ဇွန်လအထိ ကစားခဲ့ကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၂၃၀ အထိ ပါဝင်ကစားပေးခဲ့ပြီး ၁၃၆ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။

နေမာသည် ၂၀၁၃ ခုနှစ် ဇွန်လက ဆန်းတို့စ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဥရောပဘောလုံးလောကသို့ စတင်ရောက်ရှိခဲ့သူဖြစ်ကာ ဘာစီလိုနာအသင်းတွင် ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၁၈၆ ပွဲအထိပါဝင်ကစားခဲ့ကာ ၁၀၅ ဂိုးသွင်းယူနိုင်ပြီးနောက် ၂၀၁၇ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို ၂၂၂ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

နေမာသည် ပီအက်စ်ဂျီအသင်းတွင် ကစားသမားဘဝအစပိုင်းက အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း နောက်ပိုင်းဘောလုံးရာသီများတွင် ဒဏ်ရာပြဿနာများကြောင့် မကြာခဏ အနားယူနေခဲ့ရသည့်အတွက် ပီအက်စ်ဂျီအသင်းက ၂၀၂၃ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အယ်ဟီလယ်အသင်းထံ ရောင်းချခဲ့ခြင်းဖြစ်သည်။

နေမာသည် အယ်ဟီလယ်အသင်းတွင်လည်း ဒဏ်ရာပြဿနာများကြောင့် မကြာခဏ ကာလရှည် အနားယူနေခဲ့ရသည့်အတွက် နှစ်ရာသီအတွင်း ပြိုင်ပွဲစုံ ခုနစ်ပွဲသာပါဝင်ကစားနိုင်ခဲ့ကာ တစ်ဂိုးသွင်းယူနိုင်ပြီး အယ်ဟီလယ်အသင်းက ပြီးခဲ့သည့်ရက်ပိုင်းက စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ အသင်းဟောင်းဆန်းတို့စ်အသင်းထံ ပြန်လည်ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။ *Ref;Goal*

# ဗင်နီစီးယက်စ်အနေဖြင့် ဆော်ဒီကို ပြောင်းရွှေ့ ကစားလိမ့်မည်မဟုတ်ကြောင်း နည်းပြအန်ဆယ်လော့တီပြော

မက်ဒရစ် ဇန်နဝါရီ ၉

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီက အသင်းမှ အဓိကတိုက်စစ်ကစားသမား ဗင်နီစီးယက်စ်အနေဖြင့် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့လိမ့်မည်မဟုတ်ဘဲ ရီးယဲလ်မက်ဒရစ်အသင်းတွင်သာ ဆက်လက်ကစားလိမ့်မည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ဆော်ဒီပရိုလိဂ်ကလပ်အယ်အာလီအသင်းက ဗင်နီစီးယက်စ်ကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး၊ ကမ္ဘာ့စံချိန်တင်လုပ်ခလစာဖြင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ပြင်ဆင်နေပြီး ဆော်ဒီနိုင်ငံအစိုးရကလည်း ဗင်နီစီးယက်စ်ကိုခေါ်ယူရန် အကူအညီများပေးအပ်မည်ဟု သတင်းများထွက်ပေါ်လျက်ရှိသော်လည်း နည်းပြအန်ဆယ်လော့တီက အပြောင်းအရွှေ့သတင်းများနှင့်ပတ်သက်ပြီး အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

နည်းပြ အန်ဆယ်လော့တီက "ဗင်နီစီးယက်စ်အနေနဲ့ ဆော်ဒီပရိုလိဂ်ကို ပြောင်းရွှေ့ကစားမှာမဟုတ်ပါဘူး။ သူ့အနေနဲ့ ရီးယဲလ်မက်ဒရစ်အသင်းမှာပဲ ဆက်ရှိနေမှာပါ"ဟု အင်တာဗျူးအစီအစဉ်တစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

▸▸ ကျောဖုံးမှအဆက်

**ဇန်နဝါရီလ ၂၇ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်၊ ဆိပ်ဖြူမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်၊ ဆင်ခေါင်းကျေးရွာအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် ကျွန်းသစ် (၃ ဒသမ ၅၈၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ်၃၃၂၀၄၆၀)နှင့်အဆိုပါသစ်များတင်ဆောင်လာသည့် DONEFANG Truck (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၃၂၀၄၆၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် **ဇန်နဝါရီလ ၂၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၃၆၃၅၂)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၉၁၂၈၈၃၅၂)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Pyay Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်း ဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၅၅၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရမည်းသင်းမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် (၁၅၄ ဒသမ ၁၅၅) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၂၇၈၄၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၃၃၃၉၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်၊ ရန်ကုန်-ပြည်လမ်းနှင့် ဂျိုးဖြူကန်လမ်းမီးပွိုင့်အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၅၆၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၉၀၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Hino Dutro Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၉၈၉၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၁၄၁၁၀၂)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန် အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ (သတင်းစဉ်)

## လောင်းလုံမြို့နယ်နှင့် ရေဖြူမြို့နယ်အစပ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း၍ ပြည်သူများထွက်ပြေးတိမ်းရှောင်နေရကြောင်း မဟုတ်မမှန်လုပ်ကြံ ဝါဒဖြန့်ချိလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်နှင့် ရေဖြူမြို့နယ်အစပ်ရှိ ကျေးရွာများကို ဇန်နဝါရီလပိုင်းမှစတင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း၍ ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ချိမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေများအတွင်း အကြမ်းဖက်သမားများ တရားမဝင်ခိုအောင်းစိမ့်ဝင်မှုမရှိစေရေးနှင့်အကြမ်းဖက်လုပ်ငန်းများမလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားပြီး စိုးရိမ်ထိတ်လန့်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့်သတင်းအမှားများကို လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)




**၂၉-၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**

**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၄၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့်အကျိုးအမြတ်ကိုခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။ (လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူလိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကိုပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကိုဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကိုလုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကိုလုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ်ပေးကမ်းခြင်းမပြုရ။ ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကိုလိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ကယားပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနား လွိုင်ကော်တွင်ကျင်းပ



လွိုင်ကော် ဇန်နဝါရီ ၂၉

ကယားပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားကိုယနေ့နေ့လယ်ပိုင်းတွင်လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဂုဏ်ထူးဆောင်ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ တတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့်ကိုယ်ကျိုးမဖက်ဘဲ မိမိတို့ကျရာကဏ္ဍတွင် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်ခဲ့ကြသူများကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့် မွေးမြူကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် စည်းစည်းလုံးလုံး ဝိုင်းဝန်းဆောင်ရွက်ကြရန်အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပြည်နယ်အတွင်း လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး၊စီမံခန့်ခွဲရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊လူမှုရေးကဏ္ဍများ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင်တာဝန်ထမ်းဆောင်ခဲ့ကြသော နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၊ သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဂုဏ်ထူးဆောင်ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာရရှိသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ထို့နောက်အခမ်းအနားသို့တက်ရောက်လာသူများ၊ ဂုဏ်ထူးဆောင်ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ရရှိသူများအား မြို့နယ်ခန်းမ၌ ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံပြီး ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

ယနေ့အခမ်းအနားတွင် စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု ၅၉ ဦး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာထူးချွန်ဆု ၃၇ ဦး၊ လူမှုရေးဆိုင်ရာထူးချွန်ဆု ၁၃ ဦး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာထူးချွန်ဆုရရှိသူ ၁ ဦး၊ စိုက်ပျိုးရေးဆိုင်ရာထူးချွန်ဆုရရှိသူ ၂ ဦးနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းခံရသူ ၂၉၅ ဦး စုစုပေါင်း ၄၀၇ ဦးတို့အား ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




● ကျောဖုံးမှအဆက်

7 Brother အသင်းကို ခုနစ်ဂိုးပြတ်၊ 7 Dragon အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၃ ဂိုး ၂ ဂိုး၊ Pacific Sun Far အသင်းက TG United အသင်းကို ၄ ဂိုး ၂ ဂိုး၊ YCDC Marga Youth အသင်းက လက်ဝဲသုန္ဒရအသင်းကို ၂ ဂိုး ဂိုးမရှိ၊ JZ Yangon အသင်းက Maryar အသင်းကို ၇ ဂိုး ၄ ဂိုးဖြင့်အနိုင်ရရှိသည်။

ပွဲစဉ်(၈) အပြီးတွင် TG United အသင်းက ၁၈ မှတ်၊ 7 Dragon အသင်းက ၁၇ မှတ်၊ JZ Yangon အသင်းက ၁၆ မှတ်၊ Pacific Sun Far အသင်းနှင့် Black Cross အသင်းတို့က ၁၄ မှတ်စီ၊ Gold Dream အသင်းက ၁၂ မှတ်၊ KKY အသင်းက ၁၁ မှတ်၊ YCDC Marga Youth အသင်းက ကိုးမှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ခုနစ်မှတ်စီ၊ Maryar အသင်းက ခြောက်မှတ်၊ 7 Brother အသင်းက သုံးမှတ်ရရှိထားသည်။

သတင်း-ရဲရင့်လွင်
ဓာတ်ပုံ-MFF

# ဘုတ်ပြင်းမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ



ဘုတ်ပြင်း ဇန်နဝါရီ ၂၉

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်နှင့်ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘုတ်ပြင်းအခြေခံပညာ အထက်တန်းကျောင်းနဝရတ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကိုကျောင်းသား၊ ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့သည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးအောင်စိုးက ပညာရေးစုံညီပွဲတော်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် ကာယ၊ ဥာဏပြိုင်ပွဲများနှင့် ဘာသာရပ်အလိုက်ထူးချွန်ဆုရသူများ၊ ဘက်စုံထူးချွန်ဆုရသူများ၊ ခရိုင်၊ မြို့နယ်အဆင့် လူရည်ချွန်ကျောင်းသား၊ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့်အလှူရှင်များက ဆုများအသီးသီးပေးအပ်ခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများက အကပဒေသာ တေးသရုပ်ဖော်အကများဖြင့် တင်ဆက်ကပြဖျော်ဖြေဧည့်ခံကြရာ တက်ရောက်လာကြသည့် ဧည့်သည်တော်များက ကြည့်ရှုခဲ့ကြကြောင်းသိရသည်။

အခမ်းအနားသို့ ဘုတ်ပြင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

# မြန်မာဖိုက်တာ အောင်လအန်ဆန်နှင့် တူကီယဲဖိုက်တာ အာဒိုဂန် မကျေပွဲပြန်လည်ထိုးသတ်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

ဖေဖော်ဝါရီလ ၂၀ ရက်တွင် ကာတာနိုင်ငံ၌ကျင်းပမည့် ONE-171 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ အောင်လအန်ဆန်နှင့် တူကီယဲဖိုက်တာ အာဒိုဂန်တို့၏တွဲဆိုင်းပါဝင်လာမည်ဖြစ်သည်။

ONE Championship အဖွဲ့အစည်းသည် ONE-171 ပြိုင်ပွဲတွင်ပါဝင်မည့် တွဲဆိုင်းအချို့ကို ထုတ်ပြန်ထားပြီး အောင်လအန်ဆန်တွဲဆိုင်း ပါဝင်လာခြင်းဖြစ်သည်။ အောင်လအန်ဆန်နှင့် အာဒိုဂန်သည် မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ယင်းဖိုက်တာ နှစ်ဦးသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၆ ရက်က အမေရိကန်နိုင်ငံ၌ကျင်းပသည့် ONE 168 ပြိုင်ပွဲတွင် ထိုးသတ်ခဲ့ပြီး ငါးလကျော်အကြာတွင် ထပ်မံထိုးသတ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ယင်းပွဲတွင် ဒုတိယအချီ ၂ မိနစ် ၄၈ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့်




အရေးနိမ့်ထားသဖြင့် ရှုံးကြွေးပြန်ဆပ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ အောင်လအန်ဆန်အတွက် ယခုပွဲမှာ ၂၀၂၅ ခုနှစ်တွင် ပထမဆုံးထိုးသတ်ခွင့်ရမည့်ပွဲဖြစ်ပြီး နိုင်ပွဲရယူနိုင်ရန် လိုအပ်နေသည်။

အောင်လအန်ဆန်သည် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝ ၄၅ ပွဲထိုးသတ်ထားရာ ပွဲ ၃၀ နိုင်၊ ၁၄ ပွဲရှုံးနိမ့်ထားပြီး တစ်ပွဲကိုမူ အရှုံးအနိုင်သတ်မှတ်ထားခြင်းမရှိကြောင်း သိရသည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ONE Championship


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD A.I.B.A MEDAL
AIBA


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
Quality For You
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
NAN MYAING
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာအခြေအနေများနှင့် ပတ်သက်၍ ပြောကြားချက်မှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။


(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇန်နဝါရီ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၂၉ ကော်လံ ၁ ▸▸**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်ပဘိလပ်မြေများ ရောက်ရှိမည်

နေပြည်တော် ဇန်နဝါရီ ၂၉

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်ကို ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါ ပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် Pacific Sun Far အသင်းကTG United အသင်းကိုအနိုင်ရရှိ

ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၈)ကို ယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ဆက်လက်ကျင်းပသည်။

ပွဲစဉ်(၈)တွင် ထိပ်ဆုံးမှဦးဆောင်နေသည့် TG United အသင်း ရှုံးပွဲကြုံတွေ့ခြင်းကိုအသုံးချကာ 7 Dragon၊ JZ Yangon၊ Pacific Sun Far နှင့် Black Cross အသင်းနိုင်ပွဲရယူပြီး ဖိအားပေးလျက်ရှိသည်။ ပွဲစဉ်(၈)တွင် Gold Dream အသင်းက KKY အသင်းကို ၄ ဂိုး ၂ ဂိုး၊ Black Cross အသင်းက

**စာမျက်နှာ ၃၀ ကော်လံ ၄ ●**

